http://www.dhammadownload.com

စတုဂါဂါထာဝဏ္ဏနာ

အရှင်နာဂဒါဘိဝံသ(လှရတနာ)

ပထမကြိမ်ဖောက်ထုတ်ဝေခွင့်
အင်္ဂကထာတိုက်ဖွင့်အကျိုး
ဝင်္သကာ ပိဋကဓရ
သ ဝ အ ဓမ္မာစရိယ

http://www.dhammadownload.com



အရှင်နာရဒါဘိဝံသ (လှရတနာ)

ပဉ္စမကျော်၊ အဂ္ဂမဟာအကျော်

အဋ္ဌကထာပြန်အကျော်၊ ဝဋ်ဆံသကာ

ပါဠိပါရဂူ၊ သ.စ.အ ဓမ္မာစရိယ။

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

၂၀၀၂ မတ်လ -

စာမူခွင့်ပြုချက်အမှတ် - ၇၈၃၊ ၂၀၀၁(၁၂)

အုပ်ရေ - (၅၀၀)

တန်ဖိုး - ဓမ္မဒါန

မျက်နှာဖုံးဒီဇိုင်း - လှထွဏ်းအောင်

အတွင်းအပြင်အဆင်နှင့်စာစီ - အမွန် (ရွှေဟင်္သာ)

၃၅ ၊ ရတနာပုံလမ်း
(အထက်)၊ ကြည့်မြင်တိုင်။

ပုံနှိပ်သူ

ဦးမြင့်ဦး (၀၁၅၃၈)

သိန်းသန်းဦး ပုံနှိပ်တိုက်

၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး

ရန်အောင် (စာပေ)

၃၄၃/၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

မာတိကာ

၁။ စကားဦး က

၂။ ဘုရားရှင်တိုင်းဟောကြားဆုံးမသောတရား ၃

၃။ ဗုဒ္ဓါနုဿတိဘာဝနာ ၈

မြတ်စွာဘုရားရှင်ဆိုတာဘယ်လိုပုဂ္ဂိုလ်ပါလဲ

၄။ မြတ်စွာဘုရားရှင်ကိုယ်တိုင်ဖြေပုံ ၉

၅။ ဘုရားဂုဏ်တော်ဟားများပုံ ၁၃

၆။ နယားဆရာတော်၏အဆုံးအမ ၁၅

၇။ ထင်းခွေသားအဖဝတ္ထု ၁၇

၈။ ဘီလူးများစောင့်ရှောက်ပုံ ၂၀

၉။ ဗိမ္မိသာရမင်းခြီးမြှောက်ပုံ ၂၄

၁၀။ ဘုရားရှင်ခြီးမြှောက်ပုံ ၂၅

၁၁။ ဂုဏ်တော်ကိုးပါးဟားများပုံ ၂၈

၁၂။ မေတ္တာဘာဝနာ ၂၉

၁၃။ အထိရောက်ဆုံးမေတ္တာဟားများနည်း ၃၂

၁၄။ မေတ္တာပို့ရာ၌စိတ်ထားနည်း ၃၅

၁၅။ မေတ္တာပို့သချိန် ၃၈

၁၆။ မေတ္တာဟားများပို့သရကျိုး ၄၀

၁၇။ မြွေနှင့်မြွေပါဥပမာ ၄၂

၁၈။ ရေနှင့်လမင်းသကေ်တ ၄၃

၁၉။ အသုဘဘာဝနာ ၄၅

၂၀။ အလှထိပ်ခေါင်တင်ခေမာမိဖုရား ၄၀

၂၁။ ခေမာမိဖုရားထက်လှပသောနိမ္မိတအမျိုးသမီး ၄၃

၂၂။ ခေမာမိဖုရားသံဝေဂရပုံ ၄၈

၂၃။ ခန္ဓာကိုယ်၏ပင်ကိုယ်သဘာဝများ ၅၀

http://www.dhammadownload.com

၂၄။ ၃၂-ကောဋ္ဌာသကမဟဋ္ဌာန်းပါဠိ ၅၄

၂၅။ ပိဋ္ဌကနှစ်ပုံဆောင် မထေရ်နှင့် ၅၇
ကောဋ္ဌာသကမဟဋ္ဌာန်း

၂၆။ ၃၂-ကောဋ္ဌာသမြန်မာပြန် ၅၈

၂၇။ ဘုရားရှိခိုးပြီးတိုင်းရွတ်ဆိုဆင်ချင်ပါ ၆၁

၂၈။ အသုဘဘာဝနာပွားများရကျိုး ၆၂

၃၀။ တစပဋ္ဌက ကမ္မဋ္ဌာန်း ၆၃

၃၁။ ရှင်လောင်းများရွတ်ဆိုရပုံ ၆၅

၃၂။ မရဏာဿတိ(သေခြင်းတရားကိုဆင်ချင်ထိုက်ပုံ) ၆၇

၃၃။ သေခြင်းတရားကိုဆင်ခြင်ပုံ ၆၈

၃၄။ သတင်းစာကြည့်ပြီးသေ ျင်းကိုဆင်ချင်ပုံ ၇၀

၃၅။ သေခြင်းတရားကိုဆင်ချင်ရကျိုး ၇၁

၃၆။ စတုရာရက္ခာဘာဝနာ နေ့စဉ်ပွားများပါ ၇၃

http://www.dhammadownload.com

စကားဦး

နေ့စဉ်ပွားများထိုက်သောတရား

သမထကမ္မဋ္ဌာန်း (၄၀) ရှိရာတွင် အမြဲမပြတ်နှလုံးသွင်း ဆင်ခြင်ပွားများထိုက်သော ကမ္မဋ္ဌာန်း(၄)မျိုးရှိကြောင်း၎င်းကမ္မဋ္ဌာန်း(၄)မျိုးကို "စတုရာရက္ခာဘာဝနာ" ဟုလည်းကောင်း၊ "သဇ္ဈတ္ထကမ္မဋ္ဌာန်း" ဟုလည်းကောင်း၊ စာပေကျမ်းဂန်တို့၌ အမည် (၂) မျိုးဖြင့် ထုတ်ပြကြသည်။

ကမ္မဋ္ဌာန်း(၄)မျိုးဆိုသည်မှာ –

၁။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း - မြတ်ဗုဒ္ဓ၏အတုမရှိသော အရဟံ စသည့်ဂုဏ်တော်တို့ကို အဖန်ဖန် အထပ်ထပ် နှလုံးသွင်း ပွားများခြင်း။

၂။ မေတ္တာကမ္မဋ္ဌာန်း - သတ္တဝါများ ခန္ဓာကိုယ်၏ဘေးကင်းခြင်း၊ စိတ်၏ငြိမ်းအေးခြင်းတို့နှင့် ပြည့်စုံပါစေဟု မေတ္တာတရား နှလုံးသွင်းပွားများခြင်း။

၃။ အသုဘကမ္မဋ္ဌာန်း - ဆဲပင်၊ ခြေသည်း၊ လက်သည်း၊ အစရှိသော(၃၂)ကောဋ္ဌာသနှင့် အသုဘတရား(၁၀) ပါးတို့သည် နှစ်သက်တွယ်တာဖွယ်ရာမရှိ၊ စက်ဆုတ်ရွံ့ရှာမုန်းဖွယ်ရာပါတကားဟု အသုဘတရားနှလုံးသွင်းပွားများခြင်း။

၄။ မရဏာဿတိ - ကမ္မဋ္ဌာန်း ဤရုပ်ခန္ဓာ ရရှိလာသောငါသည် မှန်စွာမရွှေ့ချိန်တစ်နေ့တွင် မုချသေရမှာ

http://www.dhammadownload.com

ပါတကားဟု သေခြင်းတရားကို နှုလုံး
သွင်းပွားများခြင်း။
ဤကမ္မဋ္ဌာန်း(၄)မျိုးတို့သည် အမှန်တကယ်လိုက်နာကျင့်
သုံး၊ စောင့်ရှောက်ထိုက်သောကြောင့် "မိမိသည်စောင့်ရှောက်
ထိုက်သောတရား"၊ အပါယ်စသောမကောင်းသော ဒုဂ္ဂတိဘုံ
ဘဝသို့ မရောက်အောင်တားဆီးစောင့်ရှောက် တတ်သော
ကြောင့် "မိမိကိုစောင့်ရှောက်တတ်သောတရား" များဖြစ်သော
ကြောင့် နေ့စဉ်နေ့တိုင်း ဆင်ခြင်ပွားများကြရန် "စဋ္ဌဝါအဋ္ဌ
ကထာ" ၌ အထူးတိုက်တွန်းသတိပေးထားသည်။

စတုရာရက္ခာဘာဝနာဓါပုံ

ပုထုဇဉ်လူသားတို့၏စိတ်သည် "ပါပံ စိတ္တံ ရမတိ"
ဟူသောစကားနှင့်အညီ များလေသာအားဖြင့်မကောင်းသော
အကုသိုလ်အာရုံတို့၌သာလျှင် မွေ့လျော်ပျော်ပိုက်လေ့ရှိပါ
သည်။ ယင်းကဲ့သို့ အကုသိုလ်အာရုံ - ကာမဂုဏ်တို့၌
သာယိမ်းခြင်း၊ ညွတ်ခြင်း၊ လိုက်ပါနေချင်သော စိတ်အစဉ်ကို
ကောင်းသောကုသိုလ်အာရုံတို့၌ ယိမ်းလာ၊ ညွတ်လာ၊ လိုက်ပါ
လာအောင် ထိမ်းကြောင်းပြုပြင် စောင့်ရှောက်တတ်သောတရား
ကို "စတုရာရက္ခာဘာဝနာ" ဟုခေါ်ဆိုရပါသည်။

ရေငုံဆရာတော်နှင့် စတုရာရက္ခာဘာဝနာ

စစ်ကိုင်းတောင်ရိုး၊ ပုညရှင်စေတီအနီးတွင် ပိဋ္ဌကတ်စာပေ
အရာ၌ ကျွမ်းကျင်တတ်မြောက်ပြီး တရားဘာဝနာအားထုတ်
နေသော ရေငုံဘုန်းတော်ကြီးခေါ် ဆရာတော်တစ်ပါးရှိခဲ့ဖူးပါ
သည်။ အနှစ်အသားကင်းမဲ့ပြီး အတင်းအဖျင်းစကားများ ပြော

http://www.dhammadownload.com

ဆိုမိမည်စိုးသောကြောင့် ရေငုံနှုတ်ပိတ်နေခဲ့ရာမှ ရေငုံဆ
တော်ဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။

သံယာ့ပရိသတ် စုဝေးမိကြရာတစ်ခုၭ် ပုတီးစိပ်ခြင်း
ပတ်သက်ပြီး သံယာတော်များအချင်းချင်း စကားလက်ဆုံ
နေရာ "တစ်နေ့တွင် ပုတီးရေမည်၍မည်မျှရကြောင်း" အ
အချင်းထက် အရေအတွက်ကို ဦးစားပေးပြောဆိုနေကြသ
ကို ရေငုံဆရာတော်ကြီး ကြားရသောအခါ . . .

"တို့များ အသက် (၈၀) ကျော်ပါပြီ တစ်သက်လုံး
လာတာ ခုချိန်ထိပုတီး(၄)လုံးပဲရသေးတယ်" ဟုမိန့်ဆို
ကြောင်း၊ ဝုဒ္ဓါနုဿတိ၊ မေတ္တာ၊ အသုဘ၊ မရဏာဿတိ
ရဟန်းရှင်လူ သူတော်စင်တိုင်း နေ့စဉ်နှလုံးသွင်းရမည်" စဟု
ရက္ခ (အစောင့်ရှောက်ကြီး) လေးပါး" ကိုသာ ပွားများနေသ
ဟု ပြောဆိုတော်မူလိုဟန်ရှိကြောင်း၊ ထိုသို့အမိန့်ရှိလိုက်သ
အခါတွင်မှ ပုတီးပတ်ပြုင်နေကြသော ဘုန်းကြီးများ စက
ဆိတ်သွားကြောင်း . . . ဓမ္မာစရိယဦးဌေးလှိုင်ရေးသားပ
သော "ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများစာအုပ်တွင်ဖတ်ရှုရပါသည

ဘာဝနာလေးပါး ပွားများသည်ရှိသော်

ဝုဒ္ဓါနုဿတိဘာဝနာ - ကိုပွားများဖြင်းဖြင့် မြတ်ဗုဒ္ဓ၏ဂု
တော်များကို ဘန္ဓိုင်းမဲ့ [illegible]
အကြွင်းမဲ့ကိုးကွယ်ဆည်းကပ်တတ်
တစ်ယောက် ဖြစ်လာနိုင်ပါသည်

မေတ္တာဘာဝနာ - ကိုပွားများခြင်းဖြင့် ကြီးနိုင်ငယ်သ
ကင်းဝေးပြီး၊ သူတော်စင်များ[illegible]
မိမိအကျိုးထက် သူတစ်ပါးအကျိုး
သယ်ပိုးလိုသူ၊ လောကကောင်းဂ

http://www.dhammadownload.com

ကိုသာ ရှေးရှုပြုလုပ်သူတစ်ယောက် ဖြစ်လာနိုင်ပါသည်။

အသုဘဘာဝနာ - ကိုပွားများခြင်းဖြင့် မကုန်ဆုံးနိုင် သောလောကီအာရုံ ကာမဂုဏ်များ အပေါ်၌ လိုချင်တပ်မက်မှု၊ မိမိဘဝ နှင့်သူတစ်ပါးတို့၏ ဘဝအပေါ်၌ အထင်ကြီးမှု၊ ပိုင်ဆိုင်လိုမှုတို့မှ ကင်း ဝေးပြီး၊ စစ်မှန်သည့်ငြိမ်းချမ်းသော ဘဝကို ထူထောင်နိုင်သူတစ်ယောက် ဖြစ်လာနိုင်ပါသည်။

စာအုပ်ဖြစ်လာခြင်း အကြောင်းရင်း

တစ်ဆက်တည်းတွင်မထင်မှတ်ဘဲကျွန်စာအုပ်ဖြစ်ပေါ် လာရခြင်း အကြောင်းရင်းကိုလည်း ပြောကြားလိုပါသည် – ရဟန်းဒါယိကာမကြီး ဒေါ်ရင်မေ(၈၃)နှစ်သည် သျှင်ပါကူ ဆေးရုံ၌ (၁၀-၁-၂၀၀၂) နေ့တွင် ဘုရား၊ ရဟန္တာ တို့သော်မှ မလွန်ဆန်နိုင်သောသခ်ါရသဘောသို့ လိုက်ပါသွား ခဲ့သည်။ ရဟန်းဒါယိကာမကြီးဒေါ်ရင်မေ သက်ရှိထင်ရှားရှိစဉ် အခါက ဘဝအတွက်တန်ဖိုးရှိသော အလုပ်များကိုလုပ်၍ လက်ဆုပ် လက်ကိုင် အရယူသွားနိုင်ခဲ့သည်။

* ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်ညောင် တုန်းကျောင်းတိုက်။
* ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်ဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်။
* မော်ဘီမြို့၊ သာသနာ့ဝန်ဆောင်ကျောင်းတိုက်။

http://www.dhammadownload.com

* တာမွေမြို့နယ်၊ သန္တိသုခ ဝုဒ္ဓသာသနာ့စင်တာ။
* နယ်စပ်ဒေသ တောင်တန်းသာသနာပြု ဌာနများ။
* ဗဟန်းမြို့နယ်၊ ဇီဝိတဒါနသံဃဆေးရုံ။
* ဗဟန်းမြို့နယ်၊ နှင်းဆီကုန်းဘုံးဘွားရိပ်သာ။
* စစ်ကိုင်းတောင်ရိုး၊ ဝါးချက် ဇီဝိတဒါနသံဃဆေးရုံ။

အစရှိသောနေရာဌာနအသီးသီးသို့ ပစ္စည်းလေးပါး ပဒေသာပင်များစိုက်ထူ၍ လူသေသော်လည်း အလှူမသေသည့် အာစိဏ္ဏကံကုသိုလ်များ အရယူသွားခဲ့သည်။

ထို့ပြင် သာသနာ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြကုန်သော –

* ဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်မှ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသိရိန္ဒြာဘိဝံသ
* ညောင်တုန်းကျောင်းတိုက်၊ လှရတနာကျောင်းဆရာတော် ပဌမကျော်၊ အဂ္ဂမဟာအကျော် ဘဒ္ဒန္တနာရဒါဘိဝံသ
* စစ်ကိုင်းတောင်ရိုး၊ ဝါးချက်၊ ကျစ်စာချောင် ဆရာတော် ဘဒ္ဒန္တဉာတ္တရ
* ညောင်တုန်းကျောင်းတိုက်၊ ပတ္တမြားကျောင်းဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသ

အစရှိသော ပရိယတ်၊ ပဋိပတ်ဝန်ဆောင်ဆရာတော်များအား သိက္ခာထပ်ရဟန်းခံ၍ ပစ္စည်းလေးပါးတို့ဖြင့် အမြဲတမ်း ထောက်ပံ့လှူဒါန်းခဲ့သည်။

ရဟန်းဒါယိကာမကြီး ဒေါ်ရင်မေ သျှင်ပါကူဆေးရုံ၌ ဆေးဝါးကုသမှုခံယူရင်း . . .

http://www.dhammadownload.com

* မင်းကွန်းတိပိဋကဆရာတော်ကြီး၏ သစ္စာလေးပါး တရားတော်။
* တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်ကြီး (၁၁) သုတ်တရားတော်။
* မန္တလေးမြို့၊ ပေါက်မြိုင်ဆရာတော်၏ ဂိရိမာနန္ဒသုတ် တရားတော်။
* လှရတနာကျောင်း ဆရာတော်၏ စတုရာရက္ခ ဘာဝနာ ပွားများပါ တရားတော်များကို သတိလက် မလွတ်ဘဲ ကောင်းမွန်စွာ နာယူသွားခဲ့သည်။

ရဟန်းဒါယိကာမကြီး ဒေါ်ရင်မေကွယ်လွန်သည့် နှစ်လ ပြည့်အထိမ်းအမှတ် ပြုလုပ်သော (၁၀-၃-၂၀၀၂) နေ့တွင် ပင့်ဖိတ်ထားသော သံဃာတော်များ၊ ဆွေမျိုးပရိသတ်များနှင့် မမှမိတ်ဆွေတို့အား ဓမ္မဒါနအနေဖြင့် လှူဒါန်း နိုင်ရန် အတွက် ရေးသူတော်ကောင်းကြီးများ အမြဲမပြတ် ဆင်ခြင် ပွားများခဲ့သော "စတုရာရက္ခဘာဝနာ" အမည်ရှိ ဤစာ အုပ်ကို လှရတနာကျောင်းဆရာတော် အရှင်နာရဒါဘိဝံသ၏ မိန့်မှာ တိုက်တွန်းချက်အရ စီစဉ်ထုတ်ဝေရခြင်းဖြစ်ပါသည်။

ဓမ္မိုး (ကျွန်းလှ)
၄-၃-၂၀၀၁ (တနလ်ာနေ့)

http://www.dhammadownload.com

စတုရာရက္ခဘာဝနာ

သီတင်းကျွတ်လပြည့် ပဝါရဏာနေ့

ဒီနေ့က ၁၃၅၉-ခုနှစ် သီတင်းကျွတ်လပြည့် နေ့၊ သီတင်းကျွတ်လပြည့်နေ့ဟာ မြတ်စွာဘုရားရှင် ဝါတွင်းသုံးလပတ်လုံး တာဝတိံသာနတ်ပြည်မှာ အဘိဓမ္မာ (၇)ကျမ်း ဟောပြီးတဲ့နောက် တာဝတိံသာနတ်ပြည် ကနေပြီးတော့ လူ့ပြည် သင်္ကဿနိုင်ရပြည်ကို ဆင်းသက် လာတဲ့ နေ့၊ ဒါကို ရှေးလူကြီးသူမတွေက "အဘိဓမ္မာအခါ တော်နေ့"ဆိုပြီးတော့ သတ်မှတ် ထားကြတယ်။ အဲဒီသီတင်းဝါလကျွတ် သွားတဲ့အခါ အဘိဓမ္မာအခါတော်နေ့မှာ သံဃာတော်တွေ အချင်းချင်း ပဝါရဏာပြုကြတယ်။ မိမိတို့ရဲ့

http://www.dhammadownload.com

အမျိုးထဲမှာရှိတဲ့ အဘိုးအဘွားတွေ ဦးကြီး ဦးလေးတွေ အဒေါ်တွေကို လူငယ်တွေက ကန်တော့ကြတယ်။ နောက်တစ်ခါ ဒကာ ဒကာမတွေက သံဃာတော်တွေကို ကန်တော့ကြတယ်။ လှူဖွယ်ဝတ္ထုပစ္စည်းတွေနဲ့ ကန်တော့ကြတယ်။ ကိုမြင့်သန်းတို့ ကိုထွန်းလေး တို့က မနေ့က လာကန်တော့ ကြတယ်။ မောင်မြင့်ဌေးတို့ သူငယ်ချင်းတွေက ဒီနေ့ လာကန်တော့ ကြတယ်။ အဲ့ဒီနေ့ ပဝါရကာပြုတဲ့နေ့ ဖြစ်သည့်အားလျော်စွာ ဒကာ ဦးညာဏ်မြင့်၊ ဒကာမ ဒေါ်ရွှေမိသားစုက ခါတိုင်းနှစ်တော့ စာချဉ်းကြီး၊ ကျောင်းဘုန်း ကြီးတွေကိုဘဲ ဖျော်ရည်ပူး၊ ဖျော်ရည်ပုလင်းတွေ ကပ်လှူကြတယ်၊ ဒီနှစ်တော့ စာချဉ်းကြီးတွေရော စာသင်သားတွေကိုပါ အားလုံးအတွက် ဖျော်ရည် ကပ်လှူလိုက်တယ်။ ဒီနှစ် သံဃာကုန် ပါနဒါန- ဖျော်ရည်အလှူ ကပ်လှူ တဲ့နေ့ပဲ၊ ဒီနေ့မှာပဲ စာမေးပွဲမှာ အသုံးပြုဘို့ အတွက် ဆိုပြီးတော့ ရှိုင်းဟုတ် ကုမ္ပဏီက ဒေါက်တာ ဒေါ်ခင်ခင်ရီ မိသားစုကG.R (5) Sony အမျိုး အစား ကက်ဆက်လာပြီးတော့ လှူဒါန်း တယ်။ နောက် ဒေါ်ခင်ထားရီနဲ့ ဒေါ်သင်းစုလှိုင်တို့က တိတ်ခွေ တွေကို လှူဒါန်းတယ်၊ အဲဒီအလှူဒါန ပေါင်းစုံအတွက်

http://www.dhammadownload.com

ဝမ်းမြောက်ဖွယ် အနုမောဒနာ တရားစကား ကို နာကြားကြရအောင်။

ဘုရားရှင်တိုင်း
ဟောကြားဆုံးမသောတရား

ဒီလို . . သီတင်းဝါလကျွတ်တဲ့အခါ ဒကာ ဒကာမတွေက ဆရာတော် သံဃာတော် တွေကို ကန်တော့တဲ့အခါကြတော့ ဆရာတော် သံဃာတော် တွေက ဆုံးမသြဝါဒပေးကြတယ်။ ဆုံးမသြဝါဒပေးတဲ့ အခါ မြတ်စွာဘုရားရှင်က သံဃာတော်တွေကို ဆုံးမတဲ့ သြဝါဒပါတိမောက် ဂါထာလေး တစ်ပုဒ် ရှိတယ်။ ဦးပဉ္စင်းတို့ ဒီ . . လှုရတနာကျောင်း တံတားနှားမှာ လည်း သြဝါဒပါတိမောက်ဂါထာလေး ရေးထားတာ ရှိတယ်။

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ ။-------

မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမသြဝါဒ (၃)ချက်

http://www.dhammadownload.com

ပါပဲ၊

(၁) ပထမအချက်က အကုသိုလ်ဟူသမျှကို မလုပ်ကြ
နဲ့၊

(၂) ဒုတိယအချက်က ကုသိုလ်ဟူသမျှကို လုပ်ကြ၊

(၃)တတိယအချက်က မိမိတို့ ရဲ့စိတ်ကို ဖြူစင်အောင်
မွေးကြ၊ စိတ်ထားဖြူစင်အောင် နေထိုင်ကြ၊ ဒီ (၃)ချက်
ဟာ မြတ်စွာဘုရားရှင်တိုင်း ။ ။ ဘုရားရှင်တိုင်း ။ ။
ဘုရားရှင်အားလုံးတို့ရဲ့ ဆုံးမဩဝါဒပဲ၊ အဲဒီလိုအဓိပ္ပါယ်
ရတယ်။ ဒါကိုဘဲ လက်ဝဲလေးနဲ့ "အကုသိုလ်ရှောင်
ကုသိုလ်ဆောင် ဖြူအောင်စိတ်ကိုထား" အဲဒီလို မှတ်
တမ်းတင်ထားကြတယ်။အဲဒီမှာ အဓိက က ဖြူအောင်
စိတ်ကိုထားတဲ့၊ စိတ်ကို ဖြူစင်အောင် ထားတယ်
ဆိုတာ လောကုတ္တရာ အရဟတ္တဖိုလ် ရလို့ရှိရင်တော့
စိတ်ဟာ စင်းလုံး ချွာဖြူစင်သွားပြီပေါ့လေ။

စတုရာရက္ခဘာဝနာ

အရဟတ္တဖိုလ်မရသေးခင်တော့ ဒီစိတ်ကို ဖြူစင်
အောင် ဘယ်လိုထားမလဲ? စိတ်ထား ဖြူစင်အောင်
ဘယ်လိုနေထိုင်မလဲ? စိတ်ထားဖြူစင် နည်းကိုရှာရမှာ

http://www.dhammadownload.com

ပေါ့။ စိတ်ထားဖြူစင်အောင်လုပ်တဲ့ နေရာမှာ ရွှေ
ဆရာတော် တွေက "စတုရာ ရက္ခဘာဝနာ" ဆိုပြီး
ကမ္မဋ္ဌာန်း (၄)မျိုးကို စိတ်ထား ဖြူစင်တဲ့နည်းဆိုပြီးတော့
ထားခဲ့တယ်။

ဒီပုထုဇဉ်ရဲ့ စိတ်ဆိုတာက မကောင်းတဲ့ အာရုံ
ဘက်မှာဘဲ ညွှတ်ကိုင်းတာဘဲ၊ ကောက်ပင်တွေ
ကောက်စပါးတွေ ဖြစ်ထွန်းနေတဲ့ လယ်ခင်းရဲ့ဘေး မှာ
နွားရှိတယ်ဆိုပါစို့၊ အဲဒီနွားဟာ ကောက်ပင်ကောက်
စပါးတွေကိုပဲ ညွှတ်နေတယ်။ ကောက်ပင် ကောက်စပါး
ခတွေကိုပဲ စားဘို့ သူ့စိတ်ဟာ ညွှတ်နေတယ်။ ။
အဲဒီဥပမာအတိုင်းပဲ ပုထုဇဉ် ရဲ့စိတ်ဟာ မကောင်းတဲ့
ခလောကီအာရုံ ကာမဂုဏ် အကုသိုလ်ဘက်ကိုပဲ ညွှတ်
ခနေတယ်။ အဲဒီ မကောင်းတဲ့ အကုသိုလ် ကာမဂုဏ်
ဘက် ညွှတ်နေတဲ့စိတ်ကို မကောင်းတဲ့ အကုသိုလ်
ကာမဂုဏ် ဘက် မသွားအောင် ဘယ်တရားနဲ့ ထိန်း
ကွယ်ဆိုတော့ ဒီစတုရာရက္ခဘာဝနာနဲ့ ထိန်းရတယ်။
စတုရာရက္ခဘာဝနာဆိုတာ ဘာတွေလဲဆိုတော့
စတုဆိုတာကတော့ (၄)ပါးဘဲ အာရက္ခဆိုတာက တော့
စောင့်ရှောက်တာပဲ၊ အကုသိုလ် ကာမဂုဏ်ဘက်ကို
သွားအောင် စောင့်ရှောက် တတ်တဲ့ တရား (၄)ပါးကို

http://www.dhammadownload.com

စတုရာရက္ခဘာဝနာလို့ ခေါ်ရတယ်။ အဲဒီ (၄)ပါးက ဘာတွေလဲဆိုတော့-

ဗုဒ္ဓါနုဿတိ မေတ္တာစ၊ အသုဘာ မရဏာဿတိ၊
အတ္တနာ ရက္ခိတဗ္ဗာ စ၊ အတ္တာနံ ရက္ခကာ စ တေ။
အဲဒီဂါထာမှာ လာတဲ့အတိုင်း

ပထမ = ဗုဒ္ဓါနုဿတိ၊ မြတ်စွာဘုရားရှင်၏ အရဟံအစ ရှိသော ဂုဏ်တော်တို့ကို အဖန်တလဲလဲ ကြံစည် အောက်မေ့ ပွားများရခြင်း၊

ဒုတိယ - မေတ္တာ၊ သတ္တဝါတွေ ကျန်းမာ ချမ်းသာ ကြပါစေ၊ ဆိုပြီးတော့ ဧမေတ္တာပွားများ ပို့သရခြင်း၊

တတိယ- အသုဘ၊ ခန္ဓာကိုယ်မှ မတင့်မတယ် ရှုရှာ စက်ဆုပ်ဖွယ်တွေကို ဆင်ခြင်နှလုံးသွင်းရခြင်း ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်း (၃၂) ကောဋ္ဌာသကို ဆင်ခြင်ပွားများ ရှုမှတ်ရခြင်း၊

စတုတ္ထ - မရဏာဿတိ.. သေခြင်းသဘောကို အောက်မေ့ ပွားများရခြင်းတို့ပါပဲ။

ဒီ ဗုဒ္ဓါနုဿတိရယ် မေတ္တာရယ် အသုဘရယ် မရဏာဿတိရယ် ဒီ (၄)မျိုးကို နေ့စဉ် နေ့တိုင်း ပွားများ ထားလို့ရှိရင် မိမိရဲ့ စိတ်အစဉ်ဟာ အမြဲတမ်းကိုပဲ ဖြူစင် နေတယ်... မကောင်းတဲ့ ကာမဂုဏ်အကုသိုလ်

http://www.dhammadownload.com

အာရုံဘက်ကို မရောက်တော့ဘူး၊ ဒီနေ့ အဲဒီ ဥတုရာရက္ခဘာဝနာ (၄)မျိုး ဆင်ခြင်ပုံ ဆင်ခြင်နည်းကို အကျဉ်းချုပ်ပြီးတော့ ပွားများကြ ရအောင်...

ဒီနေ့ဟာ သီတင်းကျွတ်လပြည့်နေ့လည်း ဖြစ်တယ်ဆိုတော့ ဥပုသ်သီလတွေလည်း စောင့်ကြ ကယ်။ အဲလို ဥပုသ်သီလစောင့်တဲ့နေ့မှာ ဒီလိုဘာဝနာ (၄)ပါးကို ပွားများလိုက်လို့ ရှိရင် အဲဒီကုသိုလ်ဥပုသ်ဟာ အင်မတန်ကိုပဲ အကျိုးကြီးမားတယ်လို့ အဂုတ္တိုရ်ပါဠိတော် ဥပေါသထသုတ် ဥပုသ် (၃)မျိုး အခန်းမှာ မြတ်စွာဘုရား ရှင်ဟောပြထားတာရှိတယ်။ ဒါကြောင့်မို့ ဒီနေ့ သီတင်း ကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ဥပုသ်နေ့ဖြစ်သည့် အားလျော်စွာ အဲဒီ ဘာဝနာ (၄)ပါးကို အကျဉ်းချုပ် ပြီးတော့ ပွားများကြရအောင်...

http://www.dhammadownload.com

၁။ ဗုဒ္ဓါနုဿတိ ဘာဝနာ

မြတ်စွာဘုရားရှင်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲ?

ပထမ။ ။ ဘာဝနာက ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓါနုဿတိဆိုတာ မြတ်စွာဘုရားရှင်ရဲ့ အရဟံ အဖရှိ သောဂုဏ်တော်တို့ကို အဖန်တလဲလဲ ကြံစည်အောက် မေ့ပွားများတာကို ခေါ်တာပဲ။ ။ အဲဒီတော့ ဒီဘုရား ရှင်ရဲ့ ဂုဏ်တော်တွေကို ပွားများတဲ့အခါ မြတ်စွာဘုရား ရှင် ဆိုတာ ဘယ်လို ပုဂ္ဂိုလ်ကို ခေါ်တာလဲလို့ မေးလို့ ရှိရင် ဒကာကြီးတို့ ဒကာမကြီးတို့ အမျိုးမျိုး အဖြေပေးကြမှာပဲ။ ။

(၁) အရဟံအစရှိတဲ့ ဂုဏ်တော် (၉)ပါးနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားရှင်ပဲ ဒီလိုလည်း အဖြေပေးမှာပဲ - ဒါလည်း မှန်တာပဲ၊

(၂) တစ်လောက လုံးမှာ ရှိသမျှသတ္တဝါအားလုံး။ ။ တရားအားလုံးကို မဖောက် မပြန် မှန်မှန်ကန်ကန် ထိုးထွင်းပြီး သိမြင်နိုင် တဲ့ သဗ္ဗညုတဉာဏ်တော်ကို

http://www.dhammadownload.com



http://www.dhammadownload.com

ရတဲ့ ပုဂ္ဂိုလ်ဟာ မြတ်စွာ ဘုရားရှင်ပဲ။ ။ ဒီလို ဖြေရင် လည်းပဲ မှန်တာပါပဲ။ ။

(၃) လက္ခဏာတော်ကြီး (၃၂)ပါး လက္ခဏာတော်ငယ် (၈၀)နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားရှင်ပဲ။ ။ ဒီလိုဖြေရင်လည်း မှန်တာပဲ၊

(၄) သစ္စာလေးပါးတရားကို ကိုယ်တော်တိုင် သိပြီးတော့ ကျန်တဲ့ ဝေနေယျသတ္တဝါတွေ ကိုလည်းပဲ ကိုယ်တော်မြတ်သိသလို သိအောင် သစ္စာလေးပါးကို ဟောပြနိုင်တဲ့ ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရား ရှင် ပဲ အဲဒီလို ဖြေရင်လည်း မှန်တာပါပဲ။ ။ ။

မြတ်စွာဘုရားရှင်ကိုယ်တိုင်ဖြေပုံ

ဒါပေမဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဘယ်ပုဂ္ဂိုလ်ကို မြတ်စွာဘုရားရှင်လို့ ခေါ်သလဲလို့ မေးပြီးတော့ မြတ်စွာဘုရားရှင်ဖြထားတဲ့ အဖြကတော့ တစ်မျိုးလာတယ်။ ။ အဘိဓမ္မာ ပါဠိတော် ပုဂ္ဂလပညတ်ကျမ်းမှာ မြတ်စွာဘုရားရှင်က ဖြပြတယ်။ ။ ။ ကတမော စ ပုဂ္ဂလော သမ္မာသမ္ဗုဒ္ဓါ။ ကွမေကစ္စော ပုဂ္ဂလော ပုဗ္ဗေ အနနုဿုတေသု မမွေသု

http://www.dhammadownload.com

သာမံ သစ္စာနိ အာဘိသမ္မု ဇျှတိ၊ တတ္ထ စ သဗ္ဗညုတံ ပါပုဏာတိ၊ ဗလေသုစ ဝသီဘာဝံ၊ အယံ ဝုစ္စတိ ပဋိလော သမ္မာသမ္မုဒ္ဓေါ။

ဒါမြတ်စွာဘုရားရှင်က မြတ်စွာဘုရားရှင် ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ကို ဘုရားရှင်ခေါ်သလဲ ဆိုတာကို ဖြေကြားထားတဲ့ ပါဠိတော်ပဲ။ ။ ဒီပါဠိတော်အနက်တွေ ပေးနေရင် အချိန်တွေ သိပ်ကြာနေလိမ့်မယ် လိုရင်းအဓိပ္ပါယ်ပဲ ပြောပြမယ်။ ။ မြတ်စွာဘုရားရှင် အလိုအရ အဘယ်ပုဂ္ဂိုလ်ကို မြတ်စွာဘုရားရှင် ခေါ်သလဲဆိုရင် အင်္ဂါ (၃)ချက်နဲ့ ပြည့်စုံရတယ်တဲ့။ ။

ပထမအင်္ဂါက။ ။ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသုသာမံ သစ္စာနိ အာဘိသမ္မုဇျှတိ = မိမိကိုယ်တိုင် ဆရာမပါဘဲ ဆရာရဲ့ အကူအညီ လမ်းညွှန်မှု မပါဘဲနဲ့ သစ္စာ (၄)ပါးကို ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်ရမယ်။ ဒါပထမ (၁) အချက်ပဲ ။ ။ ။ ဒီ(၁)ချက်နဲ့ပဲ ရှင်သာရိ ပုတ္တရာ၊ ရှင်မောဂ္ဂလာန် စတဲ့ ရဟန္တာတွေမသက်ဆိုင်တော့ဘူး။ ။ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့ သစ္စာလေးပါးသိတယ် ဆိုတာက မြတ်စွာဘုရားရှင်နဲ့ ရှင်အာသဇိမထေရ်စတဲ့ တခြား ပုဂ္ဂိုလ်တွေရဲ့ လမ်းညွှန်မှု အကူအညီနဲ့ သစ္စာလေးပါးကို

http://www.dhammadownload.com

သိရတာ။ ။ အခုမြင်စွာဘုရား ရှင်သိရမှာက ဆရာမပါပဲနဲ့ မိမိကိုယ်တိုင် ထိုးထွင်းပြီးတော့ သစ္စာလေးပါးကို သိရမယ်တဲ့။ ။ အဲဒီတော့ ဆရာမပါဘဲနဲ့ သစ္စာလေးပါးကို သိတဲ့ပုဂ္ဂိုလ်ဟာ လောကမှာ (၂)ပါးရှိတယ်။ မြတ်စွာ ဘုရားရှင်ရယ် ပစ္စေကဗုဒ္ဓါရယ်။ ။ ပစ္စေကဗုဒ္ဓါလည်းပဲ ဆရာမကူပဲနဲ့ ကိုယ်ပိုင်ဉာဏ်ဖြင့် သစ္စာလေးပါးကို သိနိုင်တယ်။ အဲဒီတော့ ဆရာ မပါဘဲနဲ့ သစ္စာလေးပါး ကို သိနိုင်ရမယ်ဆိုတဲ့ တစ်ချက်နဲ့ မြတ်စွာဘုရားရှင် ရော ပစ္စေကဗုဒ္ဓါရော (၂)ပါးစလုံးဆိုင်နေတယ်။

ဒုတိယအချက်က ။ သစ္စာလေးပါးကို ကိုယ်တိုင် သိရုံနဲ့ မပြီးသေးဘူး၊ တရားညွှန်အလုံးစုံကို ကိုယ်တိုင် အကုန်မြင်နိုင်တဲ့ သဗ္ဗညုတဉာဏ်တော်လည်း ရရှိရမယ်။ ။ ဒီ ဒုတိယအင်္ဂါအချက် နဲ့ကြတော့ မြတ်စွာဘုရားရှင်ဘစ်ပါးဘဲ သဗ္ဗညုတဉာဏ်ကို ရတယ်။ ။ ပစ္စေကဗုဒ္ဓါအရှင်မြတ် တွေဟာ သဗ္ဗညုတ ဉာဏ်ကို မရဘူး။ ။ ပစ္စေကဗုဒ္ဓါတွေ မပါနိုင် တော့ဘူး။

နောက်တတိယအချက်က ဌာနာ ဌာန ကောသလ္လဉာဏ် ။ ။ အာသယာ နုသယဉာဏ် ဣန္ဒြိယပရောပရိယတ္တိဉာဏ် စတဲ့ ဉာဏ်တော် (၁၀)ပါးကို

http://www.dhammadownload.com

လည်းပဲ ဝသီဘော်မြောက် နှိုင်နှိုင်နင်းနင်း နဲ့ပဲ ကျွမ်းကျွမ်း ကျင်ကျင် နဲ့ သိမြင်ရမယ်တဲ့။ ။ အဲဒီ တတိယအချက်ကလည်း မြတ်စွာဘုရားရှင် တစ်ပါးပဲ ဒီဉာဏ်တော် (၁၀)ပါးကို ရတယ်တဲ့။ ။ ပစ္စေကဗုဒ္ဓါ တွေ၊ ရှင်သာရိပုတ္တရာ စတဲ့ ရဟန္တာတော်တွေဟာ ဉာဏ်ကော် (၁၀)ပါးကို မရနိုင်ဘူး။ ။ ။

အဲဒီတော့ မြတ်စွာဘုရားရှင်အနေနဲ့ ဘယ်ပုဂ္ဂိုလ် ကို မြတ်စွာဘုရားရှင်လို့ ခေါ်သလဲဆိုရင် အဂ်ါ (၃)ချက်နှင့် ပြည့်စုံရမယ်။

ပထမအချက်က သစ္စာလေးပါးကို ဆရာမပါဘဲနဲ့ ကိုယ်ပိုင် ဉာဏ်ဖြင့် သိမြင်ရတယ်။

ဒုတိယအချက်က တရားညွှန်အလုံးစုံ ကို သိမြင် နိုင်တဲ့ သဗ္ဗညုတဉာဏ် တော်ကို ရရှိရမယ်။

တတိယအချက်က ဉာဏ်တော် (၁၀)ပါးကိုလည်း ဝသီဘော်မြောက် ရောက် ရှိရမယ်။ ။ ဒီအင်္ဂါ (၃)ချက် နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို မြတ်စွာဘုရားရှင်လို့ ခေါ်တယ်။ ဒါမြတ်စွာဘုရားရှင်ကိုယ်တော်တိုင် အဖြေပေးတဲ့ ဘုရားရှင်ဆိုတဲ့ ပုဂ္ဂိုလ်ပဲ။

http://www.dhammadownload.com

ဘုရားဂုဏ်တော်ပွားများပုံ

အဲဒီတော့ ဒီ (၃)မျိုးကို ပွားများလိုက်လို့ရှိရင် ဘုရားဂုဏ်တော်တွေ အားလုံးခြုံပြီးတော ပွားများပြီးသား ဖြစ်သွားတယ်။ အဲဒီတော့ အကျယ်ကြီး ပွားများဘို့ဆိုတာ တခါတလေ ကြတော့လည်း အချိန်မရတဲ့ အခါ မပွားများနိုင်ဘူး။ ။ အကျဉ်းချုပ်ပြီး လိုရင်းပွားများလိုက်လို့ရှိရင် အဲဒီအကျယ်ကြီးဟာ အကုန်ပါသွားတာပဲ။ ။ အဲဒီတော့ ဒီအကျဉ်းချုပ် (၃) ချက်နဲ့ ပွားများကြရအောင်။ ။ ပွားများတဲ့အခါ ကြတော့။ ။ ဘုရားရှိခိုးအနေနဲ့ ပွားများ ပြီးသား ဖြစ်အောင် ဘုရားလည်း ရှိခိုးပြီးသား ဂုဏ်တော် လည်း ပွားများပြီးသား ဖြစ်အောင် ရှေ့ကနေ ဦးပဏ္ဍင်း ချပေးမယ်။ ။ နောက်ကနေ ဒကာကြီး ဒကာမကြီးတို့ လိုက်ပြီးတော့ ဆိုကြစို့။

"နမော ဗုဒ္ဓဿ - ဗုဒ္ဓဿ"

သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တိုင်ပင် သိမြင်တော်မူသောကြောင့် သဗ္ဗညုတ ဉာဏ်တော်ကို ရရှိတော်မူပြီးလျှင် ဒသဗလဉာဏ် ဆယ်တန်တို့ ၌လည်း ဒသီဘော်မြောက် ရောက်တော်

http://www.dhammadownload.com

မှုပြီးသော လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် သပ္ပါယ်လှစွာ ကိုယ်အင်္ဂါဝယ် ပါရမီတော်အဟုန် ကိုယ်လုံးခြုံ၍ မွမ်းထုံသင်းကြ။ သယမ္ဘူဟု ဉာဏ်တူ ကင်းလတ် အရဟတ်ဖြင့် သတ်ဖြတ်ခပင်း ကိလေ ရှင်းသား ဉာဏ်ရင်းမဟာ ကရုဏာနှင့် သမ္မာ သမ္မောဓိ အစရှိလတ် ဉာဏ်တော်မြတ်၏ ကိန်းဝပ် စံပျော် ခန္ဓာပေါ်ဝယ်ဘွဲ့ တော်ဗုဒ္ဓတင်ပါရသည့် လောကထွင့် ထား မြတ်ဘုရားအား၊ **မေ** = တပည့် တော်၏။ **နမော** - ရှိ ခိုးဦးညွတ်ခြင်းသည်။ **အတ္ထု** ဖြစ်ပါစေသတည်း။

အဲဒီလို ပွားများလိုက်လို့ရှိရင် မြတ်စွာဘုရား ရှင်ရဲ့ ဂုဏ်တော်ကို ပွားများပြီးသားဖြစ်သွား တော့တာပါပဲ။ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေ ပွားများလိုက်လို့ ရှိရင် ဘေးရန်ဒဏ္ဍရာယ်တွေ ပျောက် ကင်းသွားတယ်။ စီးပွားဥစ္စာတွေ တိုးတက်သွားတယ်။ ဒီအကျိုးတရား တွေကတော့ ဆုမတောင်းဘဲနဲ့ မုချမသွေ ရရှိနိုင်ပါ တယ်။ အဲဒီတော့ ဒီမှာ ပြောချင်တာက မြတ်စွာဘုရား ရှင်ရဲ့ ဂုဏ်တော်တွေကို အာရုံပြုပြီးတော့ ရှိခိုးတဲ့အခါ သတိရမှ ရှိခိုးတာနဲ့ စာရင် ဆောက်တည် ပြီးတော့ အဓိဋ္ဌာန်ထားပြီးတော့ ရှိခိုးလို့ရှိရင် ပိုပြီးတော့ အကျိုး ကြီးမားတယ်။

http://www.dhammadownload.com

နယားဆရာတော်၏ အဆုံးအမ

နယားဆရာတော်ကြီးက ဘာဆုံးမသလဲဆိုတော့ ရှိခိုးတဲ့အခါ ကိုယ်တက်နှိုင်သလောက် အဓိဋ္ဌာန်ပေါ့လေ၊ တစ်နေ့ကို ကစ်ကြိမ်ရှိခိုးမယ်ဆိုရင်လဲ အဲဒီတစ်ကြိမ်ကို မပျက်စေနဲ့ ဘယ်လိုအလုပ်တွေဘဲရှုပ်ရှုပ် ဘယ်လိုဘဲ ခရီးတွေသွားရသွားရ အဲဒီတစ်ကြိမ်တော့ လုံးဝကို မပျက်စေ ဘဲနဲ့ ရှိခိုးပါ အဲဒီလို ဆောက်တည်ပြီး ဘမှရှိခိုးရင် တစ်ကြိမ်ဘဲရှိခိုးပေမဲ့ နေ့စဉ်တစ်နေ့ကို တစ်ကြိမ်ပင် ရှိခိုးပေမဲ့ ကိုယ်ကဆောက်တည်ပြီးမှ ရှိခိုးတာဖြစ်တဲ့ အတွက် ဘေးရန်အန္တရာယ်တွေလည်း ကင်းပါတယ်တဲ့။ ကိစ္စကြီးငယ်တွေလည်း အောင်မြင်နိုင်ပါတယ်တဲ့၊ သေတဲ့အခါကြရင် အပါယ်(၄) ဘုံလည်း မရောက်ပါဘူး တဲ့။ နတ်ပြည်ကိုပဲ ရောက်ပါတယ်တဲ့။

အကယ်၍ ဒီထက် သဒ္ဓါတရား တတ်နိုင်မယ် ဆိုလည်း တစ်နေ့နှစ်ကြိမ် ကိုယ်က အဓိဋ္ဌာန်ထားပြီး ရှိခိုးမယ်ဆိုလည်း နှစ်ကြိမ်ကို လုံးဝမပျက် စေအောင် ဆောက်တည်ပြီး ရှိခိုးပါ။ အဲသုံးကြိမ်ဖြစ်ရင်လည်း သုံးကြိမ်ပေါ့ အနည်းဆုံး တစ်နေ့ ကို (၁)ကြိမ်လောက်တော့ ကိုယ်က ဆောက်တည်ထား ဘယ်လိုပဲ အလုပ်

http://www.dhammadownload.com

ကွေ ရှုပ်ရှုပ် ဘယ်လိုဘဲ ခရီးတွေသွားရသွားရ ငါ လုံးဝ မပျက်စေ ရဘူးလို့ အဲဒီလို ဆောက်တည်ပြီးတော့ ရှိခိုး လို့ရှိရင် မုချ အန္တရာယ်တွေလည်း ကင်းပါတယ်တဲ့ ကိစ္စကြီးငယ် တွေလည်း အောင်မြင်နိုင်ပါတယ်တဲ့ အဲဒီလို ဆရာတော်ကြီးက ဆုံးမတယ်။ စာအုပ်ထဲ မှာလည်း ထည့်ရိုက်ထားတယ်။ ခုနက ဒါယိကာမကြီး ဒေါ်ရွှေ တို့ကို အဲဒီစာအုပ် ပေးထားတယ်။ အဲဒီ စာအုပ်ထဲ မှာပါတဲ့ လက်ာလေးလည်း ဦးပဉ္စင်းချ ပေးမယ်။ ကဲ အားလုံးလိုက်ဆို ရအောင်...

ဆောက်တည်ပြီးမှ -

"နေ့ညမြဲစွာ တစ်ကြိမ်ခါလောက် မြတ်စွာဗုဒ္ဓ ရှိခိုးက မုချ အန္တရာယ်ကင်း... ။

နေ့ညမြဲစွာ တစ်ကြိမ်ခါလောက မြတ်စွာဗုဒ္ဓ ရှိခိုး က ကိစ္စပြီးစီး အောင်မြင်ခြင်း။

နေ့ညမြဲစွာ တစ်ကြိမ်ခါလောက် မြတ်စွာဗုဒ္ဓ ရှိခိုး က မကျ အပါယ်မင်း။

နေ့ညမြဲစွာ တစ်ကြိမ်ခါလောက် မြတ်စွာဗုဒ္ဓ ရှိခိုး က လားရ နတ်ပြည်မင်း။

နေ့ညမြဲစွာ တစ်ကြိမ်ခါလောက် မြတ်စွာဗုဒ္ဓ ရှိခိုး က ရောက်ရ နိဗ္ဗာန်မင်း..."

http://www.dhammadownload.com

ဒါ နယ်ားဆရာတော်ကြီးရေးထားတဲ့ ဝေရား လက််ာလေး ငါးပုဒ်၊ ဆရာတော်ကြီးရေးတဲ့ လက််ာက သူ့စိတ်ကူး ညာဏ် အတွေနောမတိုနဲ့ ရေးတာ မဟုတ် ပါဘူး။

ထင်းခွသား်အဖ ဝတ္ထု

ဓမ္မပဒပါဠိတော်အဋ္ဌကထာမှာ ဒါရုသာကဋ္ဌိက ပုတ္တဝတ္ထု ဆိုပြီးတော့ ထင်းခွသည်၏ သား်ကလေး ဝတ္ထုဆိုတာ လာရှိတယ်။ အဲဒီဝတ္ထုကိုကြည့်ပြီးတော့ ဆရာတော်ကြီးက ဒီလက််ာလေးကို ရေးပြတာ၊ ထင်း ခွသည်၏သား ကလေးဝတ္ထုဆိုတာလည်း ကြား်ဘူး နား်ဝရှိတာ များ်ပါ တယ်နော်။ ဒီမှာတော့ အကျဉ်းချုပ် ပြီးတော့ ပြောပြမယ်။

ရာဇဂြိုဟ်ပြည်မှာ မိသား်စု နှစ်စုရှိတယ်၊ မိဆွာ ဒီဋ္ဌမိသား်စုနဲ့ သမ္မာ ဒီဋ္ဌမိသား်စုနှစ်စု၊ ဘာသာချင်း မတူပေမဲ့ လူမှုရေး အရ ခင်နေကြတယ်။ ကလေးလေး တွေလည်း ရှိတယ်။ ကလေးလေးတွေက ကစား်တဲ့ အခါပေါ့လေ ဂုန်ညှင်း ပစ်တမ်း ကစား်တဲ့အခါ သမ္မာ ဒီဋ္ဌ ကလေး သူ့မိဘတွေ သင်ပေး်တဲ့အတိုင်း ဘုရား

http://www.dhammadownload.com

ဂုဏ်ဟော်ကို အာရုံပြုပြီးတော့ ခုနက ချပေးလိုက်တဲ့ အတိုင်းပေါ့။ "နမောဗုဒ္ဓဿ" လို့ ဘုရားရှိခိုးပြီးတော့ ကစားတယ်။

မိစ္ဆာဒိဋ္ဌိ မိသားစုရဲ့ကလေးကလည်း သူ့မိဘတွေ သင်ပေးတဲ့ အတိုင်း သူတို့ကိုးကွယ်တဲ့ တိတ္ထိဆရာ ကြီးတွေကို အာရုံပြုပြီးတော့ "နမော အရဟန္တာနံ" လို့ ဆိုပြီးတော့ ကစားတယ်။ ကစားတိုင်း ကစားတိုင်းပဲ ဘုရားကို ရှိခိုးပြီး ကစားတဲ့ သမ္မာဒိဋ္ဌိ ကလေးကပဲ အမြဲတမ်းနိုင်တယ်။ မိစ္ဆာဒိဋ္ဌိကလေးကရှုံးတယ်။ ကြာတော့ ကလေးသဘာဝအရ မိစ္ဆာဒိဋ္ဌိကလေးက မခံနိုင်တော့ သမ္မာဒိဋ္ဌိ ကလေးကိုမေးတယ် သူငယ်ချင်း လည်းဖြစ် ခင်လည်းခင်တော့ "မင်းကစားခါနီး ဘာတွေဆိုပြီးတော့ ကစားလဲ မင်းချည်းပဲ အမြဲတမ်းနိုင်တယ်" လို့ မေးတော့ သမ္မာဒိဋ္ဌိ ကလေးက (၇)နှစ် (၈)နှစ်လောက်ပဲ ရှိပါမယ် သမ္မာဒိဋ္ဌိ ကလေးလေးက "နမော ဗုဒ္ဓ ဿ" လို့ ငါဆိုပြီးတော့ ကစားလို့ အမြဲတမ်းနိုင်တယ်လို" ပြောပြ လိုက်တယ်။ ပြောပြတော့ မိစ္ဆာဒိဋ္ဌိ ကလေးလေးက အဲဒီ နမောဗုဒ္ဓဿကို တခါတည်း သူက သင်တယ် သင်ပြီး အမြဲတမ်းပဲ ရွတ်တော့တာပဲ။

http://www.dhammadownload.com

သူတို့စီးပွားရေးက ထင်းခွေပြီးတော့ စီးပွားရေး
ပုပ်စားကြတယ်။ တစ်ရက်တော့ အဲဒီ မိုးသားအာဘန္ဒစ်ယောက် ထင်းသွားခွေကြတယ်။ ကောထဲ
သွားပြီး လှည်းနဲ့ ထင်းတိုက်ကြတယ် ထင်းတိုက်ပြီး
ဆင်းတွေရတဲ့အခါ ပြန်လာတဲ့အခါ နွားတွေကိုလည်း
အစာကျွေး သူတို့လည်း အိမ်က ပါလာတဲ့ ထမင်းထုပ်
စားမယ်ဆိုပြီးတော့ ရေကန် ရှိတဲ့ သုသန်နားမှာ
ထင်းလှည်းဖြုတ်ပြီးတော့ သားအာဘ နှစ်ယောက်
ထမင်း စားကြတယ်။

နွားတွေ ကိုလည်း အဲဒီမှာ လွှတ်လိုက်တယ်။
ရေကြည်ရာ မြက်နုရာ သွားစားကြ ပေါ့လေ။ ။ ။
ညနေ စောင်း တဲ့အခါ ရောက်တော့ နွားတွေက
မြို့ထဲဝင်တဲ့ နွားတွေနဲ့ ရောပြီး မြို့ထဲလိုက်သွားရော
။ ။ ။ ဖအေက အဲဒီမှာ နွားတွေသွားရှာတော့ နွားတွေ
ခြေရာခံလိုက်တော့ မြို့ထဲပါသွားမှန်းသိတော့ မြို့ထဲ
လိုက်သွားတယ် အဲဒီအချိန်မှာဘဲ မြို့တံခါးက ပိတ်ချိန်
ရောက်လို့ ပိတ်လိုက်ပြီ အဲဒီနွားတွေ ရော ဖအေရော
မြို့တွင်းမှာ ရောက်သွားတယ်။ ။ ။ သားလေး
တစ်ယောက်ပဲ မြို့ပြင်သုသာန်နား မှာ ထင်းလှည်း
အောက်မှာ ကျန်ရစ်ခဲ့တယ်။

http://www.dhammadownload.com

ညရောက်တော့ ကလေးသဘာဝ ထမင်းဆာတော့ အိပ်ပျော်သွားရောပေါ့လေ။ ရာဇဂြိုဟ်မြို့ ဆိုတာက ရာဇဂြိုဟ်မြို့ရဲ့ အပြင်ဘက်မှာ လူသေအလောင်းတွေ အင်မတန်ပေါတယ်။ ကွန္ဒိယနိုင်ငံ ထုံးတမ်းစဉ်လာ အတိုင်း လူတွေ သေပြီဆိုရင် ညမဆိုင်းဘူး၊ မြို့ရိုး တံတိုင်းအပြင် ဘက်ကို ပစ်ချလိုက်တာပဲ။ အဲဒီတော့ ညသေတဲ့ အလောင်းတွေဟာ ဒင်းကြမ်းပဲ၊ မိုရ်ပြင်ဘက် မြို့ရိုးတံတိုင်းအပြင်ဘက်မှာ အဲလို အလောင်းတွေကလဲ အစိမ်းသေတွေရော ရောဂါနဲ့ သေတာတွေ ရောဆိုတော့ တစ္ဆေသူရဲတွေ ဘီလူးတွေကလဲ အများကြီး ပေါတယ်။ ဒီကလေးရဲ့ မိဘတွေကလဲ အဲဒါကို စိတ်ပူ တာပေါ့လေ။

ဘီလူးများ စောင့်ရှောက်ပုံ

အဲဒီမှာ ဘီလူးနှစ်ကောင် ညရောက်တော့ အစာရှာထွက်လာတယ်။ အဲဒီ ဘီလူးနှစ်ကောင်ကလဲ သမ္မာဒိဋ္ဌိဘီးလူးနဲ့ မိစ္ဆာဒိဋ္ဌိဘီလူးပဲ၊ သမ္မာဒိဋ္ဌိဘီလူးနဲ့ မိစ္ဆာဒိဋ္ဌိဘီလူးနှစ်ကောင်လာတဲ့အခါ ထင်းလှည်းအောက် အဲဒီကလေးလေး အိပ်နေတာတွေတော့

http://www.dhammadownload.com

လူသေနဲ့ လူရှင်ဆိုရင် အဲဒီဘီလူးတွေက လူရှင်တွေကို
ဝိုင်းပြီးတော့ ကြိုက်တယ်။ အဲဒီတော့ မိစ္ဆာဒိဋ္ဌိဘီလူးက
"ငါတော့ အစာတွေ့ပြီ၊ ထင်းလှည်းအောက်မှာရှိတဲ့၊
ကလေး လေးဟာ ငါ့အစာပဲ၊ ငါစားတော့မယ်"လို့ မိစ္ဆာ
ဒိဋ္ဌိဘီလူးက သမ္မာဒိဋ္ဌိဘီလူးကို တိုင်ပင်တယ်။
တိုင်ပင်တော့ သမ္မာဒိဋ္ဌိဘီလူးက ကြည့်လိုက်
တော့ ဒီကလေး ဟာ "နမောဗုဒ္ဓဿ" ကို အမြဲတမ်းပဲ
ရွတ်နေတာ။ သတိရတိုင်း အမြဲတမ်း ရွတ် နေတော့
သူ့ရဲ့ အရှိန် အဝါကိုသိတယ်။ ခာတ်တူချင်းဆိုတော့
သိတယ်။ သိတော့ အဲဒီမှာ တားမြစ်တယ်။" ဒီကလေး
က အမြဲတမ်း ဘုရားရှိခိုးတဲ့ကလေး။ ဒါကြောင့်
မင်းမစားပါနဲ့လို့ " ဘားတယ်။ တားပေမယ့် မရဘူး၊
ဘီးလူးဆိုတာ အသားကို အင်မတန်အစား ကြူးတာ။
"ငါတော့ မနေနိုင်ဘူး။ စားမယ်"ဆိုပြီး အဲဒီကလေး
ခြေထောက်ကိုဆွဲလိုက်တယ်။ ဆွဲလိုက်တော့ ဒီကလေး
က "နမော ဗုဒ္ဓဿ"တဲ့ ဘုရားရှိခိုးကို အမြဲတမ်း
ထုံထားတော့ တခါတည်း လန့်ပြီးတော့ "နမော
ဗုဒ္ဓဿ" လို့ ဒီကလေးက ဆိုလိုကတယ်။ ဆိုလိုက်တော့
ဒီကလေးရဲ့ ဘုရားဂုဏ်ပွားများထားတဲ့ အရှိန်အဝါ
ကြောင့် အဲဒီ ဘီလူးဟာ တခါတည်း ကြောက်လန့်

http://www.dhammadownload.com

သွားတယ်။

အဲဒီတော့ ဒီနေရာမှာ စဉ်းစားကြည့်ပါ။ ဒီဒကာတွေ ဒကာမတွေ အိပ်တဲ့အချိန်မှာ တစ်ယောက်ယောက် ကမျှား နှိုးလိုက်လို့ရှိရင် လန့်ပြီးတော့ ပါးစပ်ကထွက်တဲ့ အသံတွေဟာ အမျိုးမျိုးပဲ၊ အမယ်လေး လန့်လိုက်တာ စသည်ဖြင့် အသံမျိုးစုံပေါ့ လေ။ ဒီကလေးဟာ အဲဒီလို အသံမထွက်ဘူး၊ ဘုရားရှိခိုးတဲ့အနေနဲ့ အမြဲတမ်းပဲ ဒီ“နမောဗုဒ္ဓဿ” ကို ဆိုနေတော့ တာပဲအသံက “နမောဗုဒ္ဓဿ” လို့ပဲ ထွက်သွားတယ် အဲဒီ လောက်ထိအောင် ထုံထားတဲ့ ကလေးပေါ့ လေ။

ဒါနဲ့မိစ္ဆာဒိဋ္ဌိဘီလူးက လန့်ဖျန့်သွားတော့ သမ္မာဒိဋ္ဌိဘီလူး က“ မင်း ဘုရားအမြဲတန်းရှိခိုးတဲ့ ကလေးကို သွားပြီးတော့ ဆွဲတယ်။ ဒင်္ဂေါထိုက်တယ်။ ဒီကလေးမိဘကလဲ မြို့ထဲရောက်နေတယ်။ ကလေးလည်း အစာမစားရ သေးဘူး။ ဗိမ္မိသာရ မင်းကြီး ညစာတည်မယ့် ပွဲတော်ကို ယူပြီးတော့ မင်းကျွေးလိုက်၊ ဒါဆိုရင် ဒင်္ဂေါထိုက်တာ ကြေလိမ့်မယ်”။ အဲဒီလို အကြံပေးတယ်။

ဒါနဲ့ မိစ္ဆာဒိဋ္ဌိဘီလူးက ရာဇဂြိုဟ်မြို့တွင်း ဝင်ပြီး ဗိမ္မိသာရမင်းကြီး ညစာစားမယ့် ရွှေခွက်နဲ့ ထည့်ထား

http://www.dhammadownload.com

တဲ့ အဲဒီပွဲတော်ကို တခါတည်း ယူလာပြီးတော့ သူတို့ ဘီလူးနှစ်ကောင် ညတွင်းချင်းပေါ့လေ ဒီကလေးကို စားလည်းစားရဲအောင်ဆိုပြီး မိဘနှစ်ပါးရဲ့ အသွင် သဏ္ဌာန် ဖန်ဆင်းပြီး၊ အိမ်ရာကနှိုးပြီး ကျွေးတယ်။ ကလေးကလည်း အိပ်ချင်မှုးတူးနဲ့ ညထတော့ သူအမေ အဖေမှတ်ပြီး ကျွေးသမျှစားပြီး၊ ပြန်အိပ် လိုက်တယ်။ တညလုံးပဲ အဲဒီဘီလူးနှစ်ကောင်က စောင့်ပေးတယ်။ ဒီကလေးကို တခြားဘီလူးတွေ တစ္ဆေသူရဲတွေလာပြီး မနှောက် ယှက်အောင်လို့ပေါ့ မနက်လင်းခါနီးရောက်မှ အဲဒီရှေ့ခွက်မှာ မိစ္ဆာဒိဋ္ဌိ ဘလူးက စာရေးပစ်ခဲ့တယ်။

ဒီကလေးဟာ အမြဲတမ်း "နမောဗုဒ္ဓဿ"ဖြင့် ဘုရားရှိခိုးတဲ့အတွက် ဒီဖြစ်ကြောင်းကုန်စင် အကုန် ရေးပြလိုက်တယ်။ သူတို့ဘီလူးတွေကနေ အစာယူပြီး ကျွေးတဲ့အကြောင်းတွေကိုပေါ့၊ ဒီစာကိုလဲ ဗိမ္မိသာရ မင်းကြီးတစ်ပါးတည်းပဲ မြင်ပါစေ ကျန်တဲ့ ပုဂ္ဂိုလ်တွေ မမြင်ပါစေနဲ့လို့ အဓိဋ္ဌာန်ပြီး စာရေးခဲ့တာပါ။

http://www.dhammadownload.com

ဗိမ္မိသာရမင်း ချီးမြောက်ပုံ

မနက်လင်းတဲ့အခါရောက်တော့ ရွှေခွက်ကို ထင်းလှည်းပေါ်တင်ပြီး သူတို့ကိုယ်ယောင် ဖျောက်ပြီး ပြန်သွားကြတယ်။ ကလေးကတော့ အိပ်ပျော်နေတုန်းပဲ၊ ဗိမ္မိသာရမင်းကြီးနန်းတော်မှာ တော့ အဲဒီပွဲတော်တည်မဲ့ ရွှေခွက်ပျောက်တာကို ပိုက်စိပ်တိုက်ရှာနေပြီ၊ နန်းတော်ထဲမှာလဲ မတွေ့ တော့ မြို့တွင်းတံခါးကို မဖွင့်ခိုင်းပဲနဲ့ မြို့တွင်းကို ပိုက်စိပ်တိုက်ရှာတယ်။ မတွေ့ဘူး။ မြို့ပြင် ထွက်ရှာတော့ အဲဒီကလေး အိပ်နေတဲ့ ထင်းလှည်းပေါ်မှာ သွားတွေ့တယ်။

အဲဒီကလေး ကို နှိုးပြီး သူခိုးပဲ ဆိုပြီးတော့ စွပ်စွဲကာ တခါထဲ ရွှေခွက်ရော ကလေးရော မင်းကြီးထံ ခေါ်သွားတယ်။ မင်းကြီးက အဲဒီရွှေခွက် မြင်လိုက်တာနဲ့ စာကို တန်းဖတ်မိတော့ သိပြီးတာနဲ့ကလေးကို စစ်တယ်။ ဘယ်လိုလုပ်ပြီး ရွှေခွက်က ထင်းလှည်းပေါ် ရောက်နေရသလဲလို့ စစ်မေးတော့ ကလေးကလည်း ပြောပြတယ်။ “ညတုန်းက သူ့အဖေနဲ့ သူ့အမေက ကျွေးလို့ သူစားတယ်။ အိပ်တယ် ဒါပဲသူသိတယ်။

http://www.dhammadownload.com

ရွှေခွက်တွေ၊ ဘာခွက်တွေ၊ သူမသိဘူးလို့" ပြောလိုက်တယ်။

အဲဒီအချိန်မှာ မိဘနှစ်ပါးကလဲ စိတ်ပူပြီး၊ ရောက်လာတယ်။ သူ့သားကို မင်းချင်းတွေက ရွှေခွက် သူခိုးဆိုပြီးတော့ တခါထဲ ရှင်ဘုရင်ထံ ခေါ်သွားပြီ ဆိုတော့ စိတ်ပူပူနဲ့ လိုက်လာတယ်။ နန်းတော်ရောက်တော့ ရှင်ဘုရင်က အကျိုးအကြောင်းကို ပြောပြတော့ သိသွားတယ်။ မိဘတွေအဖို့ ဝမ်းသာသွား ရတယ်။ ဒါနဲ့ပဲ ဗိမ္မိသာရ မင်းကြီးက အဲဒီထင်းခွေပြီး အသက်မွေးဝမ်း ကြောင်းပြုတဲ့ မိသားစုကို ဆုတွေ လာဘ်တွေချပြီး မြတ်စွာဘုရားရှင်ထံ ခေါ်သွားတယ်။

ဘုရားရှင်ခိုးမြောက်ပုံ

ခေါ်သွားပြီတော့ မြတ်စွာဘုရားရှင်ကို မေး လျှောက်တယ် "ဘုရားဂုဏ်ကို အမြတ်မ်းရှိခိုးအာရုံ ပြုနေရုံမျှနဲ့ ဘေးရန်အန္တရာယ်တွေ ကင်းနိုင်ပါ သလား?" ဘုရားက ပြောတယ်။ "ဘုရား ဂုဏ်ကို အာရုံပြုပြီး ရှိခိုးတဲ့ပုဂ္ဂိုလ်၊ ဗုဒ္ဓါနုဿတိ ပွားများ တဲ့ ပုဂ္ဂိုလ်အဖို့ ဘေးရန် အန္တရာယ် ကင်းပါတယ်။ ခုပဲ

http://www.dhammadownload.com

လက်တွေ့ပဲ ဘီးလူးဘေးရန် အန္တရာယ်က ကင်းပြီး
တော့ သင်မင်းကြီးရဲ့ ပွဲတော်တောင်မှ၊ ရွှေခွက်နဲ့ ဘီလူး
တွေက ယူပြီးတော့ ကျွေးရတယ်တဲ့။" အဲဒီလို
မြတ်စွာဘုရားရှင်က အမိန့်ရှိတယ်။

အဲဒီထင်းခွေသားအဖဝတ္ထုမှာ အဋ္ဌကထာ
ဆရာက ဖွင့်တယ်။ အနည်ဆုံး တစ်နေ့ကို တစ်ကြိမ်
တစ်ခါတော့ ရှိခိုးဖြစ်အောင် ရှိခိုးပါတဲ့။ အနည်းဆုံး
တစ်နေ့ကို တစ်ကြိမ် တစ်ခါ၊ နေ့စဉ် နေ့တိုင်း ရှိခိုး
ဖြစ်မယ်ဆိုရင် ဘေးရန်အန္တရာယ်လည်း ကင်းပါတယ်
တဲ့။ ကိစ္စကြီး ငယ်လည်း ပြီးစီးအောင် မြင်နိုင်ပါတယ်
တဲ့။ သေတဲ့အခါလည်း အပါယ်ငရဲကို မကျပါဘူး
တဲ့။ ။ နတ်ပြည်ကိုပဲ ရောက်ရပါတယ်တဲ့။ ဒါတင်မက
သေးဘူး၊ နိဗ္ဗာန်ကိုလည်း ရောက်နိုင်ပါတယ်တဲ့၊ အဲဒီ
မှာ မြတ်စွာဘုရားရှင်က -

"သုပ္ပဋိဒ္ဓံ ပဋိမ္မန္တီ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါစ ရတ္တောစ၊ နိစ္စံ ဗုဒ္ဓဂတာသတိ"

ယေသံ - အကြင်သူတို့အား၊ ဒိဝါစ - နေ့၌လည်းကောင်း၊ ရတ္တောစ - ညဉ့်၌လည်းကောင်း။ နိစ္စံ - အမြဲ၊ ဗုဒ္ဓဂတာ - ဘုရားဂုဏ်တော်ကို အာရုံပြု၍ဖြစ်သော၊ သတိ - သတိသည်၊ အတ္ထိ - ရှိ၏။

http://www.dhammadownload.com

ဂေါတမသာဝကာ...ဒေါဂါတမဘုရားရှင်၏ တပည့်ဖြစ်ကုန်သော၊ တေ-ထိုဘုရားဂုဏ်ကို အာရုံပြု၍ နေသော သူတို့သည်၊ သဒါ-အခါခပ်သိမ်း။ သုပဋိဒ္ဓံ-ကောင်းသောနိုးခြင်းကို၊ ပဋိဗုဒ္ဓာ-နိုးရ ကုန်၏။ ဆိုတဲ့ အဲဒီဂါထာလေး ဟောလိုက်တဲ့အခါမှာ ခုနက ထင်းခွေသားအမိ သားအဖသုံးယောက် တခါတည်း၊ သောတာပန်တွေ ဖြစ်သွားကြတယ်။

သောတာပန်ဖြစ်တယ်ဆိုတော့ အာရုံပြုတဲ့အနေနဲ့ နိဗ္ဗာန်ရောက်သွား တယ်ပေါ့။ အဲဒီလို ဓမ္မပဒအဋ္ဌကထာမှာ ဖွင့်ပြတာ ကြည့်ပြီးတော့ နယား ဆရာတော်ကြီးက ခုနက လက်ံာလေးတွေကို ရေးပြတာပါ။

"ဆောက်တည်ပြီးမှ နေ့ညမြဲစွာ တကြိမ်ခါလောက် မြတ်စွာဗုဒ္ဓ ရှိခိုးက မုချအန္တရာယ်ကင်း"၊

ဆောက်တည်ပြီးတော့ ရှိခိုးပါ- ငါဟာ တစ်နေ့တစ်ကြိမ် လုံးဝမပျက်စေရဘူးလို့ အဲဒီလို ဆောက်တည်ပြီး ရှိခိုးပါ။ ဘေးရန်အန္တရာယ်ကင်း ပါတယ်တဲ့။ ကိစ္စကြီးငယ်လည်း ဒေါင်မြင့်နိုင်ပါတယ်တဲ့။ အပါယ်လည်း သေတဲ့အခါ မရောက် ရပါဘူးတဲ့။ နတ်ပြည်ကို ရောက်ရပါလိမ့်မယ်တဲ့- ဒနာက်ဆုံးတော့ ဝိပဿနာ

http://www.dhammadownload.com


တရားတွေ အားထုတ်ရှုမှတ်လိုက်ရင် နိဗ္ဗာန်ထိအောင် တောင်ရောက်နိုင်ပါတယ်တဲ့။ အဲဒီလို မြတ်စွာဘုရား ရှင်က ဟောပြတယ်။

ဂုဏ်တော် (၉)ပါး ပွားများပုံ

စောစောပိုင်းက **"နမော ဗုဒ္ဓဿ"**-ရဲ့ အနက် အဓိပ္ပါယ်ပြောပြတာကတော့- အနှစ်ချုပ်ပြီး တော့ ပြောပြတာ၊ **"ဣတိပိ သောဘဂဝါ အရဟံ"**အစရှိသည် ကိုတော့ ဒကာကြီး/ဒကာမကြီးတွေ ရပြီးသားဆို တော့ ရွတ်လည်း မပြေတော့ပါဘူး။ သိပြီးသားပဲ၊ အဲဒီတော့ ဘုရားဂုဏ်တော်ပွားများ တဲ့ အနေနဲ့ အရဟံအစရှိတဲ့ ဂုဏ်တော်တွေရဲ့အဓိပ္ပာယ်သိနားလည်ရုံ၊ လက်ဝဲလောက်ပဲ၊ ဦးပဉ္ဇင်း ချပေးလိုက်မယ်။ ဒါဆိုရင် ပွားများပြီးသားလည်း ဖြစ်ကရော နောင်လည်း ကိုယ်ပွားများလိုတဲ့ အခါ ဒီအတိုင်းပွားများလို့ ရအောင်ပေါ့လေ။ အဲဒီတော့ ရှေ့ကနေ ဦးပဉ္ဇင်း ချပေးမယ်။ နောက်ကနေ ဘုရားဂုဏ်တော်ကို အာရုံပြုပြီးတော့ လိုက်ဆိုပေါ့။

"တို့ဘုရားမှု နတ်လူတို့က - ပူဇော်ရ၏၊ ဓမ္မဥဿုံ

http://www.dhammadownload.com



http://www.dhammadownload.com

အလုံးစုံကို ကိုယ်တိုင်မှန်စွာ သိတတ်ပါ၏၊ ဝိဇ္ဇာစရဏာ ပြည့်စုံလှငြား၊ စကားကောင်းကို ကိုယ်တော်ဆို၏၊ ထိုထိုလောက၊ သိတတ်လှ၏၊ ဆုံးမထိုက်သူ၊ အတူကင်းလတ်၊ ဆုံးမတတ်၏၊ နတ်လူဆရာ၊ သစ္စာသိမြင်၊ ဘုန်းအရှင်သည်၊ ကိုးအင်ဘုရား ဂုဏ်တော်တည်း"

ဒါ ဘုရားဂုဏ်တော်ကိုးပါး အကျဉ်းချုပ်ပြီးတော့ ပွားများတာပဲ။ ဦးပဉ္ဇင်းတို့ စစ်ကိုင်းက ရွှေဟသ်ာဆရာတော်ကြီးရေးတဲ့ လက်ဝဲလေးပဲ။ ဒါလေး ပွားများလိုက်လို့ရှိရင်လည်း ဂုဏ်တော်ကိုးပါး ပွားများတာပြီးသွားတာပါပဲ။ အဲဒီတော့ ဘုရားဂုဏ်တော်ပွားများခြင်းရဲ့ အကျိုးလည်း သိသွားပြီ။ အဲဒီ ထင်းခွေသည်ရဲ့ သားလေး ဝတ္ထုကို မှတ်ပေါ့။

၂။ မေတ္တာ ဘာဝနာ

မဏိဘဒ္ဒဘီလူး လျှောက်ထားချက်

နောက်ဒုတိယဘာဝနာက ဘာလဲ?--- ဗုဒ္ဓါနုဿတိ ပြီးတဲ့နောက် မေတ္တာ-နော်၊ မေတ္တာပွားများ ရှုမယ်တဲ့ - ဒါကလည်း သံယုတ်ပါဠိတော်မှာ မဏိ ဘဒ္ဒသုတ်

http://www.dhammadownload.com

ဆိုတာရှိတယ်။ အဲဒီမှာ မဏိဘဒ္ဒဘီလူး က မြတ်စွာ ဘုရားရှင်ထံ ရောက်လာပြီးတော့ ဂါထာလေး တစ်ပုဒ်နဲ့ လျှောက်တယ်။ သူက ဘာလျှောက်လဲဆို တော့ - "အမြဲတမ်း သွားသည်ဖြစ်စေ၊ စားသည်ဖြစ်စေ၊ လာသည်ဖြစ်စေ၊ အိပ်သည်ဖြစ်စေ၊ သတိနဲ့အမြဲတမ်း ရှိပါစေတဲ့။ အမြဲတမ်းသတိ ရှိလို့ရှိရင် အဲဒီပုဂ္ဂိုလ်ဟာ ချမ်းသာပါ တယ်တဲ့။ ဘေးရန်အန္တရာယ်မှလည်း ကင်းပါတယ်တဲ့။"အဲဒီလို လာပြီးတော့ လျှောက်တယ်။

သတိမတော သဒါ ဘဒ္ဒံ၊ သတိမာ သုခ မေဓတိ။
သတိမတော သုဝေ သေယျော၊ ဝေရာစ ပရိမုစ္စတိ။
သတိမတော- သတိရှိသောသူ၏ သန္တာန်၌။ သဒါ-အခါခပ်သိမ်း။ ဘဒ္ဒံ-ကောင်းခြင်းသည် (ဟောတိ-ဖြစ်၏)။ သတိမာ-သတိရှိသောသူသည်။ သုခံ-ချမ်းသာကို။ မေဓတိ-ရ၏။ သတိမတော- သတိရှိသောသူ၏ သန္တာန်၌။ သုဝေ-နက်ဖန်တိုင်း နက်ဖန်တိုင်း။ သေယျော-မြတ်၏။ ဝေရာစ-ရန်မှ လည်း။ ပရိမုစ္စတိ-လွတ်၏။ ဆိုတဲ့ ဂါထာလေးနဲ့ လာ လျှောက်တယ်။

လျှောက်တော့ မြတ်စွာဘုရားရှင်က သူ့ရဲ့အယူအဆကို တစ်ခုလက်ခံတယ်။ တစ်ခု လက်မခံဘူး။ တစ်ခုလက်ခံတာ ဘာလက်ခံတာလဲ ဆိုတော့ သတိ

http://www.dhammadownload.com

ရှိလို့ရှိရင် ကောင်းပါတယ်တဲ့။ ချမ်းလည်းချမ်းသာပါ
တယ်တဲ့။ လက်မခံတာက သတိရှိရုံနဲ့ ဘေးရန် အန္တ
ရာယ်မကင်းဘူးတဲ့၊ ဘေးရန်အန္တရာယ် ကင်းတာက
တော့ မေတ္တာပွားများမှသာလျှင် ဘေးရန်အန္တရာယ်
ကင်းတယ်တဲ့။

ယဿ သဗ္ဗ မဟောရတ္တံ၊ အဟိသာယ ရတော မနော။
မေတ္တာသော သဗ္ဗဘူတေသု၊ ဝေရ တဿ နဂေနစ။

ယဿ-အကြင်ပုဂ္ဂိုလ်၏၊ မနော-စိတ်သည်၊ သဗ္ဗ
မဟောရတ္တံ-အလုံးစုံသော နေ့ည၌ပတ်လုံး။ အဟိသာ
ယ-သူကပါးကို မည်းဆဲခြင်း၌။ ရတော-မွေ့လျော်၏။
သဗ္ဗဘူတေသု-အလုံးစုံ သော သတ္တဝါတို့၌။ မေတ္တံ
သော-မေတ္တာဟူသော အဘိုရှိ၏။ တဿ-ထိုမေတ္တာ
ပွားများနေသော ပုဂ္ဂိုလ်၏။ ကေနစိ-တစ်စုံ
တစ်ယောက်သော သူနှင့်တကွ။ ဝေရံ-အတွင်းရန်
အပြင်ရန်သည် နအတ္ထိ-မရှိ။ တဲ့ ဒီဂါထာလေးနဲ့
မြတ်စွာဘုရားရှင်က ဖြေပြတယ်။

မေတ္တာပွားများတဲ့ ပုဂ္ဂိုလ်မှသာလျှင် ဘေးရန်
အန္တရာယ်ဟာ ကင်းတယ်။ မိမိလည်း ဘေးရန်
အန္တရာယ်ကင်းတယ်။ မိမိရဲ့ မိသားစုနဲ့ ပတ်ဝန်းကျင်
လဲပဲ ဘေးရန်အန္တရာယ်ကင်းတယ်။ အဲဒီတော့

http://www.dhammadownload.com

သတိအမြဲတမ်း ရှိတာ လည်းကောင်း ပါတယ်။ ဒါပေမယ့် သတိရှိနေရုံနဲ့ မလုံလောက်ဘူးတဲ့။ မိမိနဲ့ မိမိရဲ့ မိသားစု ဆွေမျိုး သားချင်း အသိုင်းအဝိုင်းတော့ ဘေးရန်အန္တရာယ် မကင်းနိုင်ဘူးတဲ့။ မေတ္တာကိုပါ ပွားများနေမှမိမိရော မိမိရဲ့ မိသားစုရော ဆွေမျိုး သားချင်းရော ဘေးရန်အန္တရာယ် ကင်း နိုင်ပါတယ်တဲ့။ အဲဒီလို ဖြေပြီး တော့ ပြလိုက်တယ်။ အဲဒီလို ဖြေပြလိုက်မှ မဏိဘဒ္ဒ ဘီလူးလည်း သဘောကျသွားတယ်။

အထိရောက်ဆုံး မေတ္တာပွားများနည်း

အဲဒီတော့ မေတ္တာပွားများတဲ့ အခါမှာလည်းပဲ ဦးပဉ္ဇင်းတို့နည်းတွေ အမျိုးမျိုးရှိတာပေါ့ လေ။ မင်းကွန်းဆရာတော်ကြီးရဲ့ မေတ္တာသုတ်မှာလာတဲ့ မေတ္တာ (၁၁)နည်း ပွားများနည်းတွေ၊ အရပ်ဆယ် မျက်နှာ မေတ္တာပွားတဲ့ ဒိသာဖရဏနည်းတွေပေါ့လေ။ တယ်လီဗေးရှင်း (Television) မှာလည်း လာပါ တယ်။ အဲဒီနည်းတွေနဲ့လည်း ပွားများရင် ရပါတယ်။ ဒါပေမယ့် အဲဒီနည်း တွေက ရှည်တဲ့အတွက် များတဲ့အတွက် အချိန်မရလို့ရှိရင် မပွားများနိုင်ဘူး။

http://www.dhammadownload.com

အဲဒီတော့ အခိုင် လည်း တိုရမယ်။ မေတ္တာပို့တာလည်း ထိရောက်ရမယ်။ အဲဒီနည်းကို ဓမ္မပဒအဋ္ဌကထာ ဝန၀ါသီ တိဿသာမဏေဝတ္ထုမှာ တွေ့ရတယ်။ တိုတိုနဲ့ မေတ္တာပို့နည်းဆိုပေမဲ့ ပြည့်စုံတယ်။

လောကမှာ လူတိုင်းလူတိုင်း ဘာဖြစ်ချင်လဲ မေးရင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာချင်ကြတယ်။ ဒါတင်လား ဆိုတော့ မဟုတ်သေးဘူး။ ဘေးရန် အန္တရာယ်မှလည်း ကင်းငြိမ်းလွတ်မြောက်ချင် ကြတယ်။ ဒီနှစ်ချက်ပဲ

အဲဒီတော့ လူတိုင်းလူတိုင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ ဘေးရန်အန္တရာယ် မပ်သိမ်းမှ ကင်းငြိမ်း လွတ်မြောက် ကြပါစေ။ ဆိုလို့ရှိရင် မေတ္တာ ပို့တာ လုံလောက် သွားတယ်။ ဒါကြောင့်မို့ ခုဒီမှာ မေတ္တာပွားများနည်းမှာ အဲဒီဝန၀ါသီ တိဿ သာမဏော ပို့တဲ့ နည်းအတိုင်း ပို့လိုက်လို့ရှိရင် အကျဉ်း မျှပ်ပြီးတော့ ပို့လိုက်တဲ့နည်းပါ အဲဒီတော့ အဲဒီနည်း အတိုင်း မေတ္တာ ပွားများ ပို့သကြရအောင် ။

"သဗ္ဗေသတ္တာ သုခိတာ ဟောန္တု။ ဒုက္ခာ မုစ္စန္တု။ ကြွင်းမဲ့ညဿုံ အားလုံးကုန်သော သတ္တဝါ တို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြ ပါစေ။ ဆင်းရဲခပ်သိမ်းမှ

http://www.dhammadownload.com

ကင်းငြိမ်းလွတ်မြောက်ကြပါစေ”

ဒီလို နှစ်ခွန်းတည်းနဲ့ ပို့လိုက်လို့ရှိရင် လုံလောက်သွားပါပြီ။ ပါဠိလို ပို့ချင်ရင် “**သဗ္ဗေ သတ္တာ သုခိတာ ဟောန္တု-ဒုက္ခာ မုစ္စန္တု**” တဲ့။ မြန်မာလိုဆိုရင် ခုနက ချပေးတဲ့အတိုင်း ပို့လိုက်ရုံပဲ။

ဧကံ (၄)မျိုးဖြင့် မေတ္တာပွားနည်း

အဲ . . . အမျှားပို့ရိုး ပို့စဉ်နည်းနဲ့ ပို့ရင်လည်း ရပါတယ်။ အမျှားပို့ရိုး ပို့စဉ်နည်းကဘာလဲ ? “သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီ ဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု” အဲဒီလို ပို့ရင်လည်းပဲ ရပါတယ်။ အဲဒီနည်းဟာလည်းပဲ သိပ်မရှည်ပါဘူး။ တိုတိုနဲ့ ထိရောက်တဲ့နည်းပဲ။ အချိန်မရဘူးဆိုရင် ဒီ နှစ်လေးခုပေါ့လေ။

“အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု” အဲဒီ နှစ်လေးခုနဲ့ ပို့လိုက်လို့ ရှိရင် မေတ္တာပို့ဟာ ဖြစ်သွားတာပါပဲ။ အဲဒီတော့ ဒီနည်းနဲ့ လည်း ပို့ကြရအောင်-

“သဗ္ဗေသတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ

http://www.dhammadownload.com

ဖေဖာန္ဝ်အနီယာ ဖေဖာန္ဝ် သုခီ အတ္တာနံ ပရိဟရန္ဝ်"ဒ
သုံးစုံများစွာ သတ္တဝါဟူသမျှတို့သည် အတွင်းအပ
ဘေးရန်မရှိကြပါစေ။

စိုးရိမ်ကြောင့်ကြဗျာပါဒမှ ကင်းကြပါစေ။

ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်း ကင်းကြပါစေ။

ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းရှိကြ ပါစေ။

ချမ်းသာလွယ်ကူစွာ မိမိတို့ ခန္ဓာကိုယ် ဒဒတ္တ
ဘောကို ဆောင်နိုင် ကြပါစေ" အဲဒီလို ဆုုလေးမျိုးနဲ့
ဘုံတိုတုတ်တုတ်နဲ့ မေတ္တာပွားများလိုက်လို့ရှိရင် ပြီးသွား
တာပါဘဲ။

မေတ္တာပို့ရာ၌ စိတ်ထားနည်း

အဓိကကတော့ မေတ္တာပို့တဲ့ အချိန်မှာ မိမိက
ကိုယ်ပို့မည့်ပုဂ္ဂိုလ် တကယ်ကိုပဲ ကျမ်းမာ ချမ်းသာပါ
စေ။ ဆင်းရဲခပ်သိမ်းက ကင်းငြိမ်းလွတ်မြောက်ပါစေလို့
- ဒီထက်ထက်သန်သန်နဲ့ စိတ်ထား ရှိထားဘို့ အဓိက
ပါပဲ၊ ကိုယ်ပို့မည့် ပုဂ္ဂိုလ်ရဲ့ အကျိုးစီးပွားကို ကိုယ်က
ဘကယ့်ကို လိုလားတဲ့ စိတ်နဲ့ပို့မှ ဒီမေတ္တာဟာလည်း
ထိရောက်တယ်။

http://www.dhammadownload.com

အဲလိုမဟုတ်ပဲနဲ့ ဝတ်ကျေတန်းကျေ ကိုယ်ကျက်ထားတာ ရတာကိုပဲ ပါးစပ်ကနေ "သဗ္ဗေသတ္တာ သုခိတာ ဟောန္တု။ ဒုက္ခာ မုစ္စန္တု။ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု။ အဗျာပဇ္ဈာ ဟောန္တု။ အနီဃာ ဟောန္တု။ သုခီ အတ္တာနံ ပရိဟရန္တု"လို့ ပါးစပ်ထဲမှာ နှုတ်ထဲမှာ ကျေလို့သာ လျှောက်ဆိုနေ တယ်။ စိတ်က၊ တောင်ရောက် မြောက်ရောက်နေတယ် ဆိုရင်လည်း အဲဒီမေတ္တာဟာ မထိရောက်ဘူး။

အဲဒီ တော့ မေတ္တာပို့တဲ့အချိန်မှာ စိတ်ကို မပျံ့လွင့်ဘဲနဲ့ မိမိပို့မည့် ဆိုပါစို့၊ မိမိရဲ့ အဖေအမေ မိမိရဲ့ သားသမီး မိမိရဲ့ညီအစ်ကို မောင်နှမ ကိုယ်ပို့မယ့် ပုဂ္ဂိုလ်တွေရဲ့ ရုပ်သွင်သဏ္ဌာန်ကို ကိုယ်စိတ် အာရုံနဲ့ ပေါ်အောင် ဖော်ပြီး တော့ ယူလိုက်၊ ပေါ်လာပြီဆိုလို့ရှိရင် အဲဒီပေါ်လာတဲ့ ရုပ်သွင်သဏ္ဌာန်ကို အာရုံပြုပြီးတော့ ဆိုပါစို့၊ မိမိရဲ့ခမည်းတော် မိမိရဲ့ ဖခင်ကို ပို့မယ် ဆိုလို့ရှိရင်လည်း။

"အယံ မေ ပတာ သုခိတော ဟောတု= ဒုက္ခာ မုစ္စတု ငါ့၏ဖခင် ခမည်းတော် သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ ဆင်းရဲခပ်သိမ်းမှ ကင်းငြိမ်း လွတ်မြောက်ပါစေ" အဲဒီလို ပို့ပေါ့။

http://www.dhammadownload.com

အကယ်၍ မိမိရဲ့မယ်တော် မိမိရဲ့အမေကို ပို့မယ်ဆိုရင်လဲ မိမိရဲ့အမေရုပ်သွင် သဏ္ဌာန်ကို စိတ်အာရုံထဲပေါ်အောင်ဖော်ပါ။ ဖော်လို့ရှိရင် ပေါ်လာတာပဲ မိမိရဲ့အမေ မိမိရဲ့မယ်တော် အဲဒီလို ပေါ်လာပြီဆိုရင် ပို့တော့ "အယ် မေ မာတာ သုခိတာ ဟာတု့ ဒုက္ခာမုစ္ဆတု ငါ့အမေ မယ်တော် သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ ဆင်းရဲခပ်သိမ်းမှ ကင်းငြိမ်း လွတ်မြောက်ပါစေ"

တကယ်ကို အကျိုး လိုလားတဲ့ စိတ်ဓာတ်နှင့် ကိုယ်ပို့မယ့် ပုဂ္ဂိုလ်ရဲ့ ရုပ်သွင်သဏ္ဌာန်ကို စိတ်ထဲမှာ ပေါ်အောင် ဖော်ပြီးမှ ပို့ရင် အဲဒီမေတ္တာဟာ တကယ်ကို ရောက်တယ်။ ဒါအဖေ အမေဆိုတာ ကတော့ အထင်ရှားဆုံး သာဓကပေါ့လေ။ ကျန်တဲ့ ကိုယ်ပို့ချင်တဲ့ ကိုယ့် သားသမီးတွေ ကိုယ့်ညီ အစ်ကိုမောင်နှမတွေ ကိုယ့်ဆွေမျိုးသားချင်းတွေ ဒုက္ခရောက်နေတဲ့ ရောဂါဝေဒနာဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေ ပို့မယ်ဆိုရင်လဲပဲ အဲဒီလို ပုံဖော်ပြီးမှ မိမိရဲ့စိတ်အာရုံထဲမှာ ပေါ်လာပြီဆိုမှ နှစ်နှစ်ကာကာကို ရွတ်ပြီးတော့ မေတ္တာပို့ရင် တကယ်ကိုဘဲ ထိရောက်ပါတယ်။

http://www.dhammadownload.com

မေတ္တာပို့သချိုန်

အဲဒီမေတ္တာပို့တဲ့အခါမှာလည်းပဲ မြတ်စွာဘုရား ရှင်ကတော့ တနေ့ကို သုံးကြိမ်ပို့ပါ။ မနက် တစ်ကြိမ်၊ နေ့လည်တစ်ကြိမ်၊ ညနေတစ်ကြိမ် သုံးကြိမ်ပို့လို့ရှိရင် လုံလောက်ပါတယ်တဲ့။ အဲဒီ အကြောင်းကို သံယုတ် ပါဠိတော် ဩကာသုတ်မှာ အဲဒီလို ဟောပြတယ်။ ဓမ္မပဒအဋ္ဌကထာ ကတော့ စောစောပိုင်းက ပြောသလို ပေါ့ တနေ့ကို သုံးကြိမ် ပို့ပေးနိုင်ရင် ပို့ပေးရင်တော့ အကောင်း ဆုံးပဲ၊ ဒါပေ မယ့် သုံးကြိမ် မပို့နိုင်ဘူး ဆိုရင်လည်းပဲ နှစ်ကြိမ်လောက် တော့ ပို့ပါ။ မပျက်ပါစေ နဲ့တဲ့။ နေ့စဉ်နေ့တိုင်း အကယ် ၍ နှစ်ကြိမ်တောင် မပို့နိုင်ဘူးဆိုရင်လည်း တစ်ကြိမ် လောက်တော့ ပို့ဖြစ်အောင် ပို့ပါ။

နယားဆရာတော် ကြီးက ဘာဆုံးမလဲဆို တော့ ဆောက်တည်ပြီးမှ ပို့ပါတဲ့။ “ငါဟာ တစ်နေ့တစ်ကြိမ် နေ့စဉ်နေ့တိုင်း မဖြစ်မနေ လုံးဝ မပျက်မကွက်စေရပဲနဲ့ ပို့ဖြစ်အောင်ပို့မယ်” လို့ ဆောက်တည်ပြီး တော့ မေတ္တာ ကို ပို့ပါတဲ့။ အဲဒီလို ပို့မယ်ဆိုလို့ရှိရင် အန္တရာယ်လည်း ကင်းပါ တယ်တဲ့ ကိစ္စကြီးငယ်လည်း ပြီးစီးအောင်မြင်

http://www.dhammadownload.com

နိုင်ပါတယ်တဲ့၊ သေတဲ့အခါ အပါယ် လည်း မရောက်ပါဘူးတဲ့၊ နတ်ပြည်ကိုပဲ ရောက်ရ ပါလိမ့်မယ်။ ဒနောက်ဆုံး နိဗ္ဗာန်ထိ အောင် ရောက်နိုင် ပါတယ်တဲ့၊

ဘဲဒီလို နယားဆရာတော်ကြီးက ဆုံးမတယ်။

ဆရာတော်ကြီးရေးထားတဲ့ လက်ာလေး တွေကိုလည်း ဦးပဉ္စင်းချပေးလိုက်မယ်။ ဒါဆိုရင် ဘုရားရှိခိုးတာလည်း အနည်းဆုံး တစ်နေ့တစ်ကြိမ် တော့ မြဲသွားမှာပဲ မေတ္တာ ပို့တာလည်း အနည်းဆုံး တစ်နေ့ တစ်ကြိမ်တော့ ပို့ဖြစ် အောင်ကို ပို့သွားမှာပဲ မြဲသွားပါလိမ့်မယ်။

"ဆောက်တည်ပြီးမှ -

"နေ့ညမြစွာ တစ်ကြိမ်ခါလောက် မြတ်စွာ -မေတ္တာ ပွားများက မုချ အန္တရာယ်ကင်း။

နေ့ညမြစွာ တစ်ကြိမ်ခါလောက် မြတ်စွာ -မေတ္တာ ပွားများက ကိစ္စပြီးစီး အောင်မြင်ခြင်း။

နေ့ညမြစွာ တစ်ကြိမ်ခါလောက် မြတ်စွာ -မေတ္တာ ပွားများက မကျအပါယ်မင်း။

နေ့ညမြစွာ တစ်ကြိမ်ခါလောက် မြတ်စွာ -မေတ္တာ ပွားများက လားရနတ်ပြည်မင်း။

နေ့ညမြစွာ တစ်ကြိမ်ခါလောက် မြတ်စွာ မေတ္တာ ပွားများက ရောက်ရနိဗ္ဗာန်မင်း"

http://www.dhammadownload.com

အဲဒီလို ဆရာတော်ကြီးကမှာတာ၊ အဲဒီတော့ ကိုယ်က ဆောက်တည်ထားပေါ့။ တစ်နေ့ အနည်းဆုံး တစ်ကြိမ်တော့ မေတ္တာကို ပို့ဖြစ်အောင် ပို့မယ် အဲဒီလို ဆောက်တည်ပြီးတော့ ပို့သွား လို့ရှိရင် တစ်လဆိုရင် ရက် (၃၀)ပဲ၊ နှစ်လဆိုရင် ရက် (၆၀)ပဲ၊ တစ်နှစ်ဆိုရင် မေတ္တာပေါင်းကို(၃၆၅)ကြိမ်ပဲ၊ မနည်းဘူးပဲ ရက်တွေ များလာတဲ့ အခါရောက်ကာ့ မေတ္တာတွေများလာတယ် မေတ္တာတွေ များလာ ရင် ဘေးရန်အန္တရာယ်တွေ ကင်းသွားမယ်၊ ကိစ္စကြီးငယ်တွေ ပြီးစီးအောင်မြင်သွားလိမ့်မယ်။

မေတ္တာပွားများ ပို့သရကျိုး

အဲဒီတော့ မေတ္တာပွားများသဖြင့် ဘယ်အကျိုးတွေရသလဲဆိုတော့ မေတ္တာအကျိုး ဆယ့်တစ်ပါး၊ ဒါလူတိုင်းသိပြီးသားပဲ ထားလိုက် ပါတော့။ လောလော ဆယ် ဘာအကျိုးကို ခံစားရ သလဲဆိုရင် စောစောပိုင်းက ပြောပြတဲ့ မဏိဘဒ္ဒသုတ်မှာ မြတ်စွာဘုရားရှင်

http://www.dhammadownload.com

ဒဖြူပြုတာက "ဝေရံ တသ နှ ကေနစိတဲ့၊" တသ-
ထို-မေတ္တာပွားများပို့သနေသော ပုဂ္ဂိုလ်အား။ ဝေရံ-
အဗ္ဘတ္တအတွင်း ဘေးရန်အန္တရာယ်အပြင် ဇဟိဒ္ဓ
ဒဘေးရန် အန္တရာယ်သည် ကေနစိ၊ တစ်စုံတစ်ယောက်
သူနှင့်။ နဝိဇ္ဇတိ မရှိနိုင်ဘူး တဲ့၊

အတွင်းဘေးရန်အန္တရာယ် မရှိနိုင်ဘူး ဆိုတာက
ဒမေတ္တာရဲ့ ဆန့်ကျင်ဘက်က ဘာလဲ ဒေါသဘဲ။
ဗိတ်ဆိုးတယ် မကျေနပ်ဘူး စိတ်ကောက် တယ်။
ဒမေတ္တာပွားများ နေလို့ရှိရင် တစ်စုံတစ်ယောက်
အပေါ်မှာ မကျေနပ်ချက်တွေ အာယာတတွေ ဒေါသ
ဘိလေသာတွေ မဖြစ်တော့ဘူး။ ဒေါသဘေးရန်
အန္တရာယ်တွေ ကင်းငြိမ်းသွားတယ်။ ဒါကအတွင်း
ဒဘေးရန် အန္တရာယ် ကင်းငြိမ်းသွားတယ် မေတ္တာပို့တဲ့
ပုဂ္ဂိုလ်ရဲ့မျက်နှာကို ကြည့်လိုက်ပါ။ ကြည့်လင်
ဒအားချမ်းနေတယ် သူ့မှာ ဒေါသဘေးရန်အန္တရာယ်
ဒတွေက ကင်းဝေးနေတယ်ဦးပဉ္စင်းတို့ သာမည
အရာတော် ကြီးရဲ့ ရုပ်ရည်ကို ကြည့်ပေါ့။ အရွယ်နဲ့
ဒလိုက်ဒအောင် မျက်နှာက ကြည့်လင်ပြီးတော့ စိုပြေ
ဒနတယ်။ ဒါ ဘာဖြစ်လို့လဲဆိုတော့ မေတ္တာ အမြတမ်း
ဒားများပို့သနေလို့ပဲ။

http://www.dhammadownload.com

နောက် ဗဟိဒ္ဓဘေးရန် အန္တရာယ်ဆိုတာက

ဘာလဲဆိုတော့ လူပဲဖြစ်စေ ဘုန်းကြီးပဲဖြစ်စေ စီးပွားရေးအားဖြင့်ဖြစ်စေ ပညာရေးအားဖြင့်ဖြစ်စေ၊ ကြီးပွားလာ လို့ရှိရင် ဘေးက အပေါင်းအသင်းတွေ ဝိုင်းပြီး မနာလိုကြတယ် ကုသမစ္ဆရ ဖြစ်ကြတော့ တာပဲ။။ ကိုယ်က မေတ္တာပွားများထားရင် တခြားပုဂ္ဂိုလ် တွေ ကုသမစ္ဆရတွေပဲဖြစ်ဖြစ် ဘယ်လိုပဲ မနာလိုမှုတွေ ဖြစ်ဖြစ်၊ ကိုယ့်ကိုဘယ်လိုမှ ဘေးရန်အန္တရာယ်ပြုလို့ မရဘူး။ အဲဒီလို ဗဟိဒ္ဓဘေးရန်၊ အန္တရာယ်တွေက လည်းပဲ ကင်းဝေးသွားတယ်။

မြေနှင့် မြေပါဥပမာ

မြေနှင့် မြေပါဆိုတာ ကြားဖူးပါလိမ့်မယ်။ မြေနှင့် မြေပါတွေ့ လို့ရှိရင် အမြဲတမ်းမြေပါက နိုင်တာပဲ မြေနှုံးတာဘဲ။ မြေပါက ဘယ့်နှယ်လုပ်လဲဆိုတော့ သူ အပြင်ကို သွားမယ်ဆိုလို့ရှိရင် မြေကိုနိုင်တဲ့ဆေးကို လူးသွားတယ်။ လူးပြီးမှသွားတော မြေနဲ့တွေ့လို့ရှိရင် ကိုက်တဲ့ အခါဆို မြေပါကဘဲ နိုင်ကယ်။ မြေကရှုံးတာပဲ။ အဲဒီ

http://www.dhammadownload.com

အတိုင်းပဲတဲ့ လူတွေအဖို့ သံယာတွေအဖို့ အပြင်ထွက်
မယ် စီးပွားကိစ္စလုပ်မယ် ပတ်ဝန်းကျင်နဲ့ ဆက်ဆံမယ်
ဆိုရင် မေတ္တာတည်းဟူသော ဆေးကို လိမ်းကျံပြီးမှ
သွားပါ။ စကားပြောပါ။ ဆက်ဆံပါ။။ လုပ်ကိုင်ပါ။။ မေတ္တာ
တည်းဟူသော ဆေးကို ကိုယ်က လိမ်းကျံထားလို့ရှိရင်
ဘယ်လိုပဲ ကွဿမစ္ဆရတွေ မကျေနပ်မှုတွေ
တဖက်က ဘယ်လောက်ကြီးပဲ ဖြစ်ပွားဖြစ်ပွား ကိုယ့်မာ
မထိခိုက်နိုင်ပါဘူး။။ အဲဒီလို အရှင်သာရိပုတ္တရာက
မေတ္တာကို မြွေပါနဲ့နှိုင်းပြီးတော့ ဥပမာပေးတယ်။
ဒီမေတ္တာကိုလည်း အနည်းဆုံး တစ်နေ့တစ် ကြိမ်
တစ်ခါလောက်တော့ ပွားများဖြစ် အောင် ပွားများပါ။။

ရေနှင့် လမင်းသကဲ့တ

အဲဒီတော့ ဦးပဉ္ဇင်းတို့ ပန်းချီကားထဲမှာ ပုံဖော်
ထားတာက မေတ္တာကို ဘာနဲ့ပုံဖော်ထား လဲဆိုတော့
လမင်းရယ် ရေ ရယ်မနော်။ ရေဆိုတာက ဒီပုဂ္ဂိုလ်ဟာ
ငါ့ရေထဲကို အညစ်အကြေးတွေ ပစ်မှတယ်။ သူဟာ
ငါ့ရဲ့ရန်သူပဲ။ သူ့ကအညစ်အကြေးကိုတော့ ငါဆေး

http://www.dhammadownload.com

မပေးဘူးဆိုတာ မရှိဘူး။ သူ့ရဲ့ ရန်သူမိတ်ဆွေ မခွဲခြားဘူး။ လာသမျှလူတွေရဲ့ အညစ်အကြေးကို ဒီရေကဆေးကြောပေးတယ်။ ရေဟာ အေးမြတယ်။ အဲဒီအတိုင်းဘဲတဲ့၊ မေတ္တာပို့တဲ့ ပုဂ္ဂိုလ်ဟာ ရန်သူ မိတ်ဆွေ မခွဲခြားပဲနဲ့ မေတ္တာပို့သပေးပါတဲ့။ ဒါကြောင့်မို့ ဒီပန်းချီကားထဲမှာ ရေကို ဆွဲပြထားတယ်။

နောက်ပြီး လမင်းဆိုတာကတော့ ဒီလရဲ့အရောင်ဟာ အေးမြတယ် မေတ္တာပွား များတဲ့ ပုဂ္ဂိုလ်ဟာလည်းပဲ သူကိုယ်တိုင်လည်း အေးမြတယ်။ မေတ္တာပို့ခံရတဲ့ ပုဂ္ဂိုလ်လည်း အေးမြမှုကို ခံစားရတယ်။ ဒါကြောင့်မို့ မေတ္တာကို လမင်းနဲ့လဲပဲ သင်္ကေတပြုထားတယ်။ ဒါကြောင့်မို့ ဒီပန်းချီကားမှာ လမင်းရယ်၊ ရေရယ်လို့ သင်္ကေတပြုထားတယ်။ အဲဒီတော့ ဒုတိယဘာဝနာကပြီးသွားပြီ။

http://www.dhammadownload.com



http://www.dhammadownload.com

၃။ အသုဘ ဘာဝနာ

အသုဘ ဘာဝနာ ပွားများသင့်ပုံ

တတိယဘာဝနာက ဘာလဲ အသုဘဘာဝနာ၊ အသဘဆိတဲ့အခါ လတေ ထင်တာကတော သေတဲ့ပုဂ္ဂိုလ်ကို အသုဘလို့ ပြောကြတယ်။ စာပေမှာတော့ အသုဘဆိုတာ သေတာကိုတင် ပြောတာမဟုတ်ဘူး။ မတင့်မတယ် စက်ဆုပ်ရွံရှာဖွယ်ကိုလည်း အသုဘလို့ ခေါ်တယ်။ အဲဒီဟာကလည်း ဦးပဋ္ဌင်းတို့ ဘုရားဂုဏ်တော်ကို ပွားများပါပြီ၊ ဇုဒ္ဓါနုဿတိဖြစ်ပြီ၊ မေတ္တာပွားများပါပြီ မေတ္တာဘာဝနာဖြစ်ပြီ၊ ဒီနှစ်ခုနဲ့ မလုံလောက်သေးဘူးတဲ့။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ရောက်တော့ ဘာဖြစ်လို့လည်းဆိုတော့ မေတ္တာပွားများတယ်ဆိုတာ ခုနကပြောပြတဲ့အတိုင်း သတ္တဝါကို အာရုံပြုတယ်။ ဒါမိရဲ့အမေ မိမိရဲ့အဖေ မိမိရဲ့ညီအစ်ကိုမောင်နှမ မိမိရဲ့ ဒါဆွေမျိုးသားချင်း ဘေးရန် အန္တရာယ် ရောဂါဝေဒနာ ဖြစ်နေတဲ့ ဂိလာနပုဂ္ဂိုလ်တွေကို ကိုယ်က အာရုံပြုတဲ့

http://www.dhammadownload.com

အခါ သူတို့ရဲ့ ပုံအသွင်သဏ္ဌာန်တွေ ပေါ်လာတယ်၊ ခန္ဓာကိုယ်ပုံသဏ္ဌာန်တွေ၊ ဒီခန္ဓာကိုယ် ပုံသဏ္ဌာန်တွေ ဟာ တပ်မက်မယ်ဆိုလည်း တပ်မက် စရာပေါ့လေ။ ခင်မင်မယ်ဆိုလည်း ခင်မင်စရာပေါ့။ အထူးသဖြင့် မိမိရဲ့ခန္ဓာကိုယ်ကိုတော့ မိမိဟာ အတွယ် တာဆုံး အနှစ်သက် ဆုံး အခင်မင်ဆုံးဘ။ တရားပွား များတဲ့ ပုဂ္ဂိုလ်ရောက်တော့ မိမိရဲ့ခန္ဓာကိုယ်ကိုရော သူတစ်ပါး ရဲ့ ခန္ဓာကိုယ်ကိုရော မနှစ်သက် မတွယ်တာ မခင်မင် ရဘူး။ အထူးသဖြင့် မိမိ ခန္ဓာကိုယ်ရဲ့ စက်ဆုပ်ရွံရှာ ဖွယ်တွေကို ဆင်ခြင်ပွားများ ပေးရမယ်တဲ့။

အလှထိပ်ခေါင်တင် ခေမာမိဖုရား

ဒီအကြောင်းကိုလည်း စာပေမှာ ပြထားတယ်။ ဒကာကြီး ဒကာမကြီးတို့ ကြားဘူးပြီးသားပဲ။ ဗိမ္မိသာရ မင်းကြီးရဲ့ မိဖုရားဟာ ဘယ်သူလဲ ခေမာမိဖုရားပဲ။ ခေမာမိဖုရားဟာ အင်မတန် ချော၊ အင်မတန်လှ တယ်။ အင်မတန်ချော, အင်မတန်လှတော့ သူက အလှမာန်ယစ်တယ်။ သူတို့ ကျောင်းဆောက်ထား ပေမယ့် သူတို့ ဆောက်တဲ့ ဝေဠုဝန်ကျောင်းကို မသွား

http://www.dhammadownload.com

ဘူး။ မြတ်စွာ ဘုရားက ခန္ဓာကိုယ်ရဲ့ မတင့်မတယ် စက်ဆုပ် ရွံရှာဘွယ်တွေကို ဟောနေတော့ သူကလဲ အလှမာန်ယစ်နေတော့ သူတို့ ဆောက်ထားတဲ့ ဝေဠုဝန်ကျောင်းကို မသွားဘူး။ ဗိမ္ဗိသာရမင်း ကြီးကလည်း အတင်းအကျပ် မသွားခိုင်းဘူး။ ဒါပေမယ့် ဗိမ္ဗိသာရမင်းကြီးဆောက်ထားတဲ့ ဝေဠုဝန်ကျောင်းဟာ ဘယ်လောက်သာယာတယ် ခမ်းနားတယ်၊ ကြီးကျယ် တယ်ဆိုတာကို သီချင်း ရေးဆရာတွေကို ရေးခိုင်း။ အဆိုကောင်းတဲ့ အဆိုတော်တွေကို ဆိုခိုင်းလိုက်တဲ့ အခါ သီချင်းသံ ကြားရတဲ့ အခါ ခေမာမိဖုရားဟာ သွားချင်စိတ် ပေါက်သွားတယ်။

ခေမာမိဖုရားထက်ပိုလှသော နိမ္မိတအမျိုးသမီး

အဲဒီအချိန်မှာ သွားတော့ မြတ်စွာဘုရားနဲ့ တွေ့တဲ့ အခါ မြတ်စွာဘုရားက ခေမာမိဖုရား ထက်လှတဲ့ အမျိုးသမီးကို တန်ခိုးနဲ့ ဖန်ဆင်းပြီးတော့ ယပ်တောင် ခပ်တဲ့ ပုံသဏ္ဌာန်ဖန်ဆင်းပြထားတယ်။ ခေမာမိဖုရားက မြတ်စွာဘုရားကို မကြည့်ဘူး။ မြတ်စွာဘုရားကို

http://www.dhammadownload.com

ယပ်ခပ်နေတဲ့ အမျိုးသမီးကိုပဲ ကြည့်တယ်။ ငါ့အလှက သူနဲ့ယှဉ်လိုက်တော့ ဘာမှ မပြောပြလောက်ပါလား။ သူက ပိုလှနေပါလား ဆိုပြီးတော့ တန်ခိုးနဲ့ဖန်ဆင်းထားတဲ့ အဲဒီအမျိုးသမီး လေးအပေါ်မှာပဲ စူးစိုက်ပြီး ကြည့်နေတယ်။

အဲဒီ အချိန်မှာ မြတ်စွာဘုရားက တန်ခိုးနဲ့ဘဲ တဖြည်းဖြည်း အင်မတန်လှတာကနေ ပြီးတော့ ပျိုတဲ့အရွယ်ကနေ အိုတဲ့အရွယ်၊ အိုတဲ့အရွယ်ကနေ နာတဲ့အရွယ်၊ နာတဲ့ဟာကနေ ပြီးတော့ သေတဲ့အချိန်၊ သေတဲ့အချိန် ကနေ အရိုးစုဖြစ်တဲ့အချိန်ထိအောင် တန်ခိုးနဲ့ ဖြည်းဖြည်းချင်း တစ်ခါ တည်း ဖန်ဆင်းပြလိုက်တယ်။

ခေမာမိဖုရား သံဝေဂရပုံ

အဲဒီအခါမှာ ခေမာမိဖုရားအနေနဲ့ အင်မတန် သံဝေဂရ ထိတ်လန့်သွားတယ်။ ထိတ်လန့်တဲ့ အချိန်မှာ ဂါထာတစ်ပုဒ်ကို မြတ်စွာဘုရားရှင်က ဟောပြလိုက်တယ်။ အဲဒီဂါထာလေးက-

အာတုရံ အသုစီ ပူတိ၊ ပဿ ခေမေ သမ ဿယံ၊

http://www.dhammadownload.com

ဥယ္ယရန္တံ ပဌ္ဌရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။ ခေမေ၊ ချစ်သမီး ခေမာ။ အာတုရံ ကိုယ့်ဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ လွန်စွာခံခက် နှိပ်စက်ထသော။ အသုစီ၊ အမြဲနေ့စဉ် ဆေးသုတ် သင်လည်း မစင်မကြယ် ရွံဖွယ်ကောင်း ထသော။ ပုတီး၊ ဆေးကြောသုတ်သင် တန်ဆာ ဆင် လည်း အမြင်သာ ဟုတ် အတွင်းပုတ်၍ နေထသော။ ဥယ္ယရန္တံ၊ မျက်စိနား နှာ အင်္ဂါရုံတိုင်း အထက်ပိုင်းဝယ် ရွံဖွယ်သိုးပုတ် အန်ထုတ်၍နေထသော။ ပဌ္ဌရန္တံ၊ ကျင်ကြီး၊ ကျင်ငယ် အသွယ်သွယ်ဟု မဖွယ်မရာ အဖြာဖြာကို မှန်စွာ နေ့ည ယိုချ၍နေထိုသော။ ဗာလာနံ၊ ဘဝါဘဝ သံသာရက ရာဂစရိုက်ပွား ငမိုက်သားတို့သည်။ အဘိပတ္ထိတံ၊ ရှိရင်းပြောင်းပြန် မမှန်ကန်အောင် ကြံဖန်နှစ်သက် စွဲမက်အပ်ထသော။ သမုဿယံ၊ သုံးဆယ့်နှစ်ဝ ကောဋ္ဌာသတို့ လုံးဝခိုမှီး ဤခန္ဓာကိုယ်ကြီးကို။ ပဿ ဉာဏ်ရောင်လင်းသလောက် အတွင်းရောက်အောင် ထွင်း ဖောက်စေ့ငု ကြည့်ရှုစမ်းပါလော့။

အဲဒီဂါထာလေး ဟောပြလိုက်တာနဲ့ ခေမာ မိဖုရား တခါတည်းဘဲ သံဝေဂရပြီးတော့ အကျွတ်တရား ရသွားတယ်။

http://www.dhammadownload.com

ခန္ဓာကိုယ်၏ ပင်ကိုယ်သဘာဝများ

အဲဒီတော့ ဒီဂါထာလေးရဲ့ အဓိပ္ပာယ်နဲ့ ဦးပဥ္စင်းတို့ ဒီခန္ဓာကိုယ်ရဲ့ မတင့်မတယ် စက်ဆုပ် ရွံရှာဖွယ်ဖြစ်ပုံကို ပြောပြရအောင်။ ဒီခန္ဓာကိုယ်ရဲ့ မတင့်မတယ် စက်ဆုပ် ရွံရှာ ဖွယ်ဖြစ်ပုံကို ပွားများ ကြည့်ရအောင်၊

ဒီခန္ဓာကိုယ်ဟာ ဘယ်လိုသဘော တရား ရှိသလဲ ဆိုတော့ "အာတုရဲ့၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ လွန်စွာခံခက် နှိပ်စက်အပ်ထသော" တဲ့၊ နည်းနည်း လေး အရွယ်ရလာတဲ့အခါ ရောဂါ တွေဟာ တစ်ခုပြီး တစ်ခု ဖြစ်လာတယ်။ မျက်စိမှာ ဖြစ်တာနဲ့ နားမှာ ဖြစ်တာနဲ့၊ သွေးတိုးဖြစ်တာနဲ့ ဆီးချို ဖြစ်တာနဲ့ နှလုံး ရောဂါဖြစ်တာနဲ့ ရောဂါတွေဟာ တစ်ခု ပြီးတစ်ခု နှိပ်စက်လာတယ်။ အဲဒီလို နှိပ်စက်ခံနေရတဲ့ ခန္ဓာကိုယ် ကြီးပါတဲ့။

ဒါတင်လားဆိုတော့ မကသေးဘူး "အသုစိ-အမြဲနေ့စဉ် ဆေးသုတ်သင်လည်း မစင် မကြွယ် ရုံဖွယ်ကောင်းထသော" တဲ့။ နေ့စဉ်နေ့တိုင်း နံနက်ခင်း အိမ်ရာထပြီဆိုရင် အညစ်အကြေးတွေ စွန့်ရတယ်။ မျက်နှာ သစ်ရတယ်။ သွားတွေ၊ ဘာတွေ တိုက်ရတယ်။

http://www.dhammadownload.com

အဲဒီလို အမြဲနေ့စဉ် ဆေးကြောသုတ်သင်နေပေမဲ့ နေ့တိုင်းနေ့တိုင်းပဲ ဆေးကြောသုတ်သင်နေရတော့ ဒီခန္ဓာကိုယ်ကြီးဟာ မစင်ကြယ်ပါဘူးတဲ့။

ဒါတင်လားဆိုတော့ မကသေးဘူး။ "ပုတိ-ဆေးကြောသုတ်သင် တန်ဆာဆင်လည်း အမြင်သာဟုတ် အတွင်းပုပ်၍ နေထသော" တဲ့။ နေ့စဉ်နေ့တိုင်း ဆေးကြောသုတ်သင်နေပေမဲ့ ခန္ဓာကိုယ်ရဲ့ အတွင်းပိုင်းမှာတော့ ဒီရွံစရာတွေ အသိုးအပုတ်တွေပါပဲ၊ အရေထူ အရေပါးနဲ့ ဖုံးထားတဲ့ အတွက်သာ ရွံစရာတွေ အသိုးအပုပ်တွေဟာ မမြင်ရတာ၊ ခန္ဓာကိုယ်ထဲမှာ ရွံစရာတွေ အသိုးအပုပ်တွေချည်းဘဲ ရှိတယ်ဆိုတာ ဘယ်ဟာ ကြည့် သိသာသလဲဆိုရင် တခြားဟာတွေ ၁ကြည့်နဲ့၊ ဦးပဉ္ဇင်းတို့ မနက်ခင်း အိမ်ရာထရင်ဘဲ ကြည့်ပေါ့။ မျက်နှာသစ်ပြီဆိုရင် ပလုတ်ကျင်းရတယ်။ အာပုတ်ရည်တွေဘဲ၊ အပုတ်အရည် တွေဘဲ။ ၁နာက်တခါ ကျင်ငယ်ဆိုတာလည်း အပုပ်ရည်ကွေဘဲ နံတာဘဲ၊ ကျင်ကြီးဆိုတာ ပိုသိသာ သေးတယ်။ ၁ထွက်ခင်မှာလည်း အတွင်းထဲမှာ ပုပ်နေတာ၊ ထွက်လာတဲ့အခါကျမှသာ အနံ့ကထွက်လို့ ရွံစရာကောင်းကယ်လို့ ထင်ရတာ။ အဲဒီဟာ ကြည့်ခြင်း အားဖြင့်

http://www.dhammadownload.com

ခန္ဓာကိုယ်ဟာ အပုပ် ခန္ဓာကိုယ်ကြီးဆိုတာ ထင်ရှားတယ်။

ဒါတင်လားဆိုတော့ မကသေးဘူး။ "ဥဿရန္တံ - မျက်စိနားနှာ အင်္ဂါရှိတိုင်း အထက်ပိုင်း ဝယ်ရုံဖွယ်သိုးပုပ် အန်ထုတ်၍နေထသော" တဲ့၊ ချက်ရဲ့အထက်ပိုင်းကို ခန္ဓာကိုယ်ရဲ့ အထက်ပိုင်း လို့ သတ်မှတ်တယ်။ အဲဒီအထက်ပိုင်းမှာ မျက်စိကလည်း မျက်ခွေးတွေထွက်တယ်။ နားကလည်း နားခွေးတွေ ထွက်တယ်။ နှာခေါင်းကလည်း နှာရည်တွေထွက်တယ်။ ပါးစပ်ကလည်း သွားရည် တွေ အာပုပ်ရည်တွေ ထွက်တယ်။ နောက် မွေးညှင်းတွေကလည်း ခွေးတွေ ထွက်တယ်။ ထွက်လာ သမျှဟာ အညစ်အကြေးတွေ ချည်းဘဲ၊ ထွက်နေတာတွေက အကောင်းတွေ အမွှေးကြိုင်တွေ ထွက်တာ၊ မဟုတ်ပါဘူးတဲ့။

ဒါတင်လားဆိုတော့ မကသေးဘူး။ "ပဋ္ဌရန္တံ - ကျင်ကြီးကျင်ငယ် အသွယ်သွယ်ဟု မဖွယ်မရာ အဖြာဖြာကို မှန်စွာ နေ့ည ယိုချ၍နေထသော" တဲ့၊ အိမ်ရာထမှာဆိုရင်တော့ ဒါ အထင်ရှားဆုံးပေါ့လေ။ ကျင်ကြီးကျင်ငယ်တွေ စွန့်ရတယ်။ ဒါတင်လားဆိုတော့ မဟုတ်သေး ဘူး။ စားပြီးသား အစားအစာတွေ

http://www.dhammadownload.com

ကြေတဲ့အခါမှာလည်း ဒီကျင်ကြီးကျင်ငယ်တွေ ရွံစရာတွေ ခန္ဓာကိုယ်ကနေ ထွက်နေတာဘဲ။ ဒါတွေ မထွက်လို့ရှိရင်လည်း တခါ ဝမ်းနှုတ်ဆေးစားရပြန်ရော၊ ထွက်လွန်းအားကြီးပြန်တော့လည်း တခါ ဝမ်းပိတ်ဆေးစားရပြန်ရော၊ အဲဒီတော့ ခန္ဓာကိုယ်ဟာ ဒီ ကျင်ကြီးကျင်ငယ်တွေ ရွံစရာတွေနဲ့ပဲ ပြည့်နေတဲ့ ခန္ဓာကိုယ်ကြီးပါတဲ့။ တင့်တယ်စရာ တွယ်တာ စရာ တပ်မက်စရာ ခန္ဓာကိုယ် မဟုတ်ပါဘူးတဲ့။

ဒါဖြင့် ဘာဖြစ်လို့ လူတွေက ဒီခန္ဓာကိုယ်ကြီး ကို ကိုယ့်ခန္ဓာကိုယ်ကိုဖြစ်စေ၊ သူများ ခန္ဓာကိုယ်ကိုဖြစ် စေ တပ်မက်တွယ်တာ နေရသလဲဆိုတော့ "ဗာလာနံ အဘိပတ္ထိတံ၊ ဘဝါဘဝ သံသာရက ရာဂစရိုက်ပွား ငမိုက်သားတို့သည် ရှိရင်းပြောင်းပြန် မမှန်ကန်အောင် ကြံဖန်နှစ်သက် စွဲမက်အပ်ဆသော" တဲ့၊ ခန္ဓာကိုယ်ရဲ့ သဘာဝကတော့ တကယ်ကို စက်ဆုပ်ရွံရှာဘွယ် အပုပ် အသိုး၊ ခန္ဓာကိုယ်ကြီးပဲတဲ့၊ ဒါပေမယ့် တဏှာဆိုတဲ့ ရာဂကနေ ဖုံးလွှမ်းထားတဲ့အတွက် ကြံဖန် ပြီးတော့ စွဲလမ်းနှစ်သက်နေကြကာပါ။

ဒါဖြင့် ခန္ဓာကိုယ်ကြီးမှာ ဘာတွေပဲရှိသလဲဆိုတော့ "သမုဿယံ၊ သုံးဆယ့်နှစ်ဝ ကောဋ္ဌာသတို့

http://www.dhammadownload.com

လုံးဝခိုမှီး ဤခန္ဓာကိုယ်ကြီးကို”၊ ခန္ဓာကိုယ်ကို ကြည့်လိုက်လို့ရှိရင် ဦးပဉ္ဇင်းတို့ ဆေးပညာ နဲ့ကြည့်ရင် တော့ ပိုထင်ရှားတာပေါ့လေ။ ခန္ဓာကိုယ်မှာ လိုက်ကြည့်ရင် အသေးစိတ် အစုအပုံဟာ (၃၂)ခုပဲ ရှိတယ်။ ကျန်တာ ဘာမှ မရှိပါဘူးတဲ့။ အဲဒီ (၃၂)ခု အစုအပုံတွေကို “ပဿ၊ ဉာဏ်ရောင် လင်းသလောက် အတွင်းရောက်အောင် ထွင်းဖောက်စေ့ငု ကြည့်ရှုစမ်းပါလော့”တဲ့၊ ခန္ဓာကိုယ်ရဲ့ လှုပတင့်တယ် တယ်ဆိုတာ တွေကို မကြည့်ပဲနဲ့ အဲဒီခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်း (၃၂)ခုကို ခန္ဓာကိုယ် အတွင်းပိုင်းထိအောင် ထွင်းဖောက်ပြီးတော့ ကြည့်ရှုစမ်းပါ။

(၃၂) ကောဋ္ဌာသ ကမ္မဋ္ဌာန်းပါဠိ

အဲဒီ (၃၂)ခုက ဘာတွေလဲဆိုတော့ ဦးပဉ္ဇင်းတို့ ကြားဖူးနားဝရှိပါလိမ့်မယ်။ ပါဠိလိုဆိုရင် တော့ “အတ္ထိ ဣမသ္မိံ ကာယေ

(၁) ကေသာ
(၂) လောမာ
(၃) နခါ

http://www.dhammadownload.com

(၄) ဒန္တာ
(၅) တစော၊
(၆) မံသံ
(၇) နှာရု
(၈) အဋ္ဌိ
(၉) အဋ္ဌိမိဉ္ဇံ
(၁၀) ဝက္ကံ၊
(၁၁) ဟဒယံ
(၁၂) ယကနံ
(၁၃) ကိလောမကံ
(၁၄) ပိဟကံ
(၁၅) ပပ္ဖာသံ၊
(၁၆) အန္တံ
(၁၇) အန္တဂုဏံ
(၁၈) ဥဒရိယံ
(၁၉) ကရီသံ
(၂၀) မတ္ထလုင်္ဂံ၊
(၂၁) ပိတ္တံ
(၂၂) သေမှံ

http://www.dhammadownload.com

(၂၃) ပုဇ္ဇော
(၂၄) လောဟိတံ
(၂၅) သေဒါ
(၂၆) မေဒါ
(၂၇) အသျှု
(၂၈) ဝသာ
(၂၉) ခဇ္ဇော
(၃၀) သိယ်ာဏိကာ
(၃၁) လသိကာ
(၃၂) မုတ္တဆိုင်"
ဒါကို (၃၂) ကောဋ္ဌာသ ကာယဂတာ သတိ ကမ္မဋ္ဌာန်းလို့ခေါ်တယ်။

http://www.dhammadownload.com

ပိဋ္ဌက (၂)ပုံဆောင် မထေရ်နဲ့ ကောဋ္ဌာသကမဋ္ဌာန်း

အဲဒီ (၃၂) ကောဋ္ဌာသကမဋ္ဌာန်းကို နေ့စဉ် နေ့တိုင်း ရွတ်ဆိုပွားများနေလို့ရှိရင် ကမ္မဋ္ဌာန်း ရှုမှတ်ပြီးသား ဖြစ်သွားတာပါဘဲ၊ ဦးပဉ္ဇင်းတို့ သီဟိုဠ်ကျွန်းမလယ္ယအရပ်မှာ မဟာဒေဝဆိုတဲ့ ရဟန္တာမထေရ်ကြီးရှိတယ်။ ကမ္မဋ္ဌာန်းဆရာတော်ကြီးပါ။ အဲဒီကမ္မဋ္ဌာန်းဆရာတော်ကြီးထံမှာ နိကာယ်နှစ်ခုသုံးခုဆောင်ထားတဲ့ ရဟန်းတော် (၂)ပါး ကမ္မဋ္ဌာန်းဒေတာင်းဘို့ ရောက်လာတယ်။ နိကာယ်နှစ်ခု သုံးခုဆောင်ထားတယ်ဆိုတော့ ပိဋ္ဌကတ်တစ်ပုံနှစ်ပုံဆောင်ထားတဲ့ ပုဂ္ဂိုလ်တွေပါဘဲ။

မဟာဒေဝမထေရ်ကြီးက ဒီပုဂ္ဂိုလ်တွေကို "အတ္ထိဿမိံ ကာယေ ကေသာ" စတဲ့ ကောဋ္ဌာသ ကမ္မဋ္ဌာန်းဂါဠိကို အရွတ်ခိုင်းတယ်ဒီလိုအရွတ်ခိုင်းတယ်ဆိုတာလာကစကားနဲ့ နှိုင်းရင်တော့ တက္ကသိုလ်ဘွဲ့ ရထားတဲ့ ပုဂ္ဂိုလ်ကို ကကြီးခခွေးစတဲ့ ဗျည်း (၃၃)လုံး ကို နေ့စဉ်နေ့တိုင်း အရွတ်ခိုင်းတာနဲ့ အလားအတူတူပါဘဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က နိကာယ်နှစ်ခု သုံးခု

http://www.dhammadownload.com

ဆောင်ထားတဲ့ ပုဂ္ဂိုလ်၊ ပီဋကမှာ တစ်ပုံ နှစ်ပုံ ဆောင်ထားတဲ့ပုဂ္ဂိုလ် စာတတ်ပေတတ် ပုဂ္ဂိုလ်တွေ ပါဘဲ၊ ဒီပုဂ္ဂိုလ်တွေကို "အတ္ထိကမမသို့ ကာယေ" စသည်ကို နေ့တိုင်းဆိုခိုင်းတာ ဘယ်နှစ်လတောင် ဆိုခိုင်းလဲ ဆိုရင် (၄)လ တောင် ဆိုခိုင်းတယ်။ တခြားဟာတွေ နောက်မှ လုပ်စမ်းပါဦးတဲ့။ အဲဒီ "အတ္ထိကမမသို့ ကာယေ"စသော (၃၂) ကောဋ္ဌာသကို (၄)လ ဆိုစမ်းပါတဲ့။ ခိုင်းတယ်၊ ခိုင်းတော့ ဟိုမထေရ်နှစ်ပါးကလည်း ဒီဆရာ တော်ကြီးကို လေးစားတဲ့ အနေနဲ့ မငြင်းပါဘူး။ (၃၂) ကောဋ္ဌာသပါဠိကို (၄)လပတ်လုံး နေ့ရောညရော ဆိုတာပဲ။ ဆိုရင်းဆိုရင်းနဲ့ဘဲ အဲဒီ (၄)လအတွင်းမှာ ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတွေ အသေးစိတ်မြင် ပြီးတော့ အဲဒီရဟန်း (၂)ပါးဟာ သောတာပန် ဖြစ်သွားတယ်။

(၃၂)ကောဋ္ဌာသမြန်မာပြန်

အဲဒီတော့ ဆိုလိုတာက ဒီ (၃၂) ကောဋ္ဌာသ ကို နေ့စဉ်နေ့တိုင်းပေါ့လေ သတိရတိုင်း ပွားများလို့ရှိရင် ခန္ဓာကိုယ်ရဲ့အစိတ်အပိုင်းတွေမြင်ပြီးတော့ တရား

http://www.dhammadownload.com

သဘော ပေါက်သွားလို့ရှိရင် လည်း မဂ်ဖိုလ်နိဗ္ဗာန် ရနိုင် ပါတယ်။ အဲဒီတော့ ဒါကို ဦးပဉ္ဇင်း ပါဠိလိုချမပေးဘဲနဲ့ မြန်မာလို ချပေးလိုက်မယ်။ ဒါဆိုရင် ဒကာကြီး ဒကာမ ကြီးတွေ ပွားများရတာ လွယ်သွားတာပေါ့လေ။ ကဲ လိုက်ဆိုကြ။ ။

"ငါ၏ကိုယ်မှာ -

(၁) ဆံပင်,

(၂)မွေးညှင်း,

(၃) ခြေသည်း လက်သည်း,

(၄)သွား,

(၅)အရေ,

(၆) အသား,

(၇) အကြော,

(၈)အရိုး,

(၉)ရိုးတွင်းချဉ်ဆီ,

(၁၀)အညှို့,

(၁၁)နှလုံး,

(၁၂)အသည်း,

(၁၃)အမြှေး,

http://www.dhammadownload.com

(၁၄)အဖျဉ်း,
(၁၅)အဆုပ်,
(၁၆)အူမ,
(၁၇)အူသိမ်,
(၁၈)အစာသစ်,
(၁၉)အစာဟောင်း,
(၂၀)ဦးနှောက်,
(၂၁)သည်းခြေ,
(၂၂) သလိပ်,
(၂၃)ပြည်,
(၂၄) သွေး,
(၂၅) ချွဲ,
(၂၆)အဆီခဲ,
(၂၇) မျက်ရည်,
(၂၈) ဆီကြည်,
(၂၉)တံတွေး,
(၃၀) နှပ်,
(၃၁) အစေး,
(၃၂) ကျင်ငယ်, တို့သာ ရှိကြကုန်သည်တကား။”

http://www.dhammadownload.com

ဘုရားရှိခိုးပြီးတိုင်း ရွတ်ဆိုဆင်ခြင်ပါ။

ဒါတွေကို ရွတ်ဆိုရင်တော့ တချို့လူတွေက ရွံစရာတွေ လျှောက်ပြီးတော့ ပွဲားများနေတာဘဲ၊ အဲလိုထင်မှာဘဲ၊ ဦးပဉ္ဇင်းတို့ ပေါက်မြို့ဆရာတော် စာချရင်းပြောပြဘူးတယ်။ ညနေခင်းတွေ အားတဲ့အခါ ဆရာတော် သူ့အသိအိမ်တစ်အိမ်သွားပြီးတော့ စကားတွေ ဘာတွေ ပြောတယ်။ ဆရာတော်အသိ အိမ်ရဲ့ တခြားအိမ်က ဒကာမကြီး တစ်ယောက်က ဘုရားရှိခိုးပြီးတဲ့ အခါ ဒီ (၃၂)ကောဋ္ဌာသကို ဆိုတယ်။ နေ့စဉ်နေ့တိုင်း ငါ၏ကိုယ်မှာ ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, စတဲ့ အဲဒါတွေလျှောက်ဆိုတော့ ဆရာတော်အသိအိမ်က ဒကာမကြီးက ပြောတယ်။" အဲဒီအိမ်က ဘုရားတဲ့၊ ဘုရားရှိခိုးပြီးရင် ရွံစရာတွေကို ထည့်ထည့်ပြီး ရွတ်ဆိုတယ်။ တပည့်တော် စိတ်ကိုညစ်တာဘဲတဲ့ ကျက်သရေမရှိဘူးတဲ့၊" အဲဒီလို ပြောတယ်။

ဒါနဲ့ဆရာတော်က "ဒကာမကြီး ရွံစရာလည်း မဟုတ်ဘူး ကျက်သရေ မရှိဘူးလည်း မဟုတ်ဘူး တရားတွေ သူရွတ်နေတာ၊ ဒကာမကြီး ကိုယ်မှာလည်း

http://www.dhammadownload.com

ဒီ (၃၂) ကောင်သာသ (၃၂)စုံဘဲရှိတာဘဲ။ ခန္ဓာကိုယ်မှာ ရှိတာတွေ သူ့ရွတ်နေတာ၊ ကာယဂတာသတိကမ္မဋ္ဌာန်း ပွားများနေတာ အဲလိုကြီးမပြောနဲ့၊" အဲဒီလို ဆုံးမလိုက် မှ ဒကာမကြီးက လက်ခံသွားတယ်။

အသုဘ ဘာဝနာပွားများရကျိုး

အဲဒါဆိုလို့ရှိရင် ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်း တွေ သိသွားတဲ့အခါရောက်တော့ မိမိရဲ့ ခန္ဓာကိုယ်ကို လည်း လွန်လွန်ကဲကဲ မတွယ်တာ မတပ်မက်တော့ဘူး။ သူများရဲ့ ခန္ဓာကိုယ်ကိုလည်းဘဲ လွန်လွန်ကဲကဲ မတွယ်တာ မတပ်မက်တော့ဘူး။ အဲဒီလို ပွားများ လို့ရှိ ရင် ခုနက ပြောပြလိုက် တဲ့အတိုင်း --

"ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာဣဒံ၊
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါဒိ၊ ကာယေ ဆန္ဒံ ဝိရာဇယေ"

ဒီဂါထာမှာ လာတဲ့အတိုင်း မိမိရဲ့ခန္ဓာကိုယ် သူတစ်ပါးတွေရဲ့ ခန္ဓာကိုယ်ကို လွန်လွန်ကဲကဲ တပ်မက် တွယ်တာမှုဆိုတာ မရှိတော့ဘူးတဲ့၊ ပယ်ခွာသွားနိုင်တယ်။ ဒါကြောင့်မို့ ဒီအသုဘ ဘာဝနာကိုလည်းဘဲ

http://www.dhammadownload.com

နေ့စဉ်နေ့တိုင်း ဟားများပေးပါလို့ ရှေးဆရာတော်တွေက ဆုံးမကြတယ်။

တစ ပဥ္စက ကမ္မဋ္ဌာန်း

အဲဒီအသုဘဘာဝနာကို ဦးပဉ္ဇင်းတို့ ပန်းချီကားထဲမှာ ဘယ်လိုပုံဖော်ထားသလဲ ဆိုတော့ ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်း (၃၂)ခုကြီး ပုံဖော်လို့က မရဘူး။ ပန်းချီကားမှာလည်း အဲဒီလောက်ကြီး မဆန့်ဘူး။ အဲဒီတော့ အဓိကဖြစ်တဲ့ ငါးခု ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေ ဒီ (၅)ခုကိုဘဲ ပုံဖော်ရတယ်။ အဲဒီမှာ ပြထားတဲ့ ဆံပင်, မွေးညှင်း, ခြေသည်းလက်သည်း, သွား, အရေ, ဆိုတဲ့ ဒီ (၅)ခုဟာ အင်မတန် ထင်ရှားပေါ်လွင်တယ်။ကျန်တဲ့ အစိတ်အပိုင်းတွေနဲ့ စာရင် ဒီ(၅)ခုက ပိုပြီးထင်ရှားပေါ်လွင်တယ်၊ စက်ဆုပ်ရွံရှာ စရာကောင်းတယ်။

တခြားဟာ မကြည့်နဲ့ "ဆံပင်"ကို ပဲကြည့်၊ ဆံပင်ဟာ ခေါင်းမှာရှိတုန်း လေးဘဲ တင့်တယ်တယ်။ ပုံစံအမျိုးမျိုး နဲ့ ဆိုက်အမျိုးမျိုးနဲ့ စတိုင်အမျိုးမျိုးနဲ့ ဖီးလိမ်း ပြင်ဆင်ကြတယ်။ ဒါပေမယ့် အဲဒီဆံပင်က

http://www.dhammadownload.com

ခေါင်းကနေ ကျွတ်သွားပြီဆိုရင် ဆိုပါစို့ ဒီဆံပင် ကျွတ်သွားပြီး ဟင်းထဲမှာ ပါသွားပြီး ဟင်းခွက်ထဲ ကျသွားမယ်ဆိုရင် ရွံစရာဖြစ်သွားတယ်။ အဲဒါ ဟင်းကို မစားတော့ဘူး၊ သွန်ပစ်လိုက်တော့တယ်။ အဲဒါ ကြည့်ခြင်းအားဖြင့် သိသာတယ်။

"မွေးညှင်း"ဆိုတာဟာလည်း ဒီအတိုင်းပါဘဲ။ ဒီအရေထူ အရေပါးမှာ ပေါက်နေတဲ့ မွေးညှင်းလေး တွေဟာလည်း ခု နွေခါမရောက်သေးဘူး မိုးအခါဘဲ ရှိသေးတယ်။ နေတော်တော်ပူလာပြီ၊ တစ်ရက်ကို ရေနှစ်ခါ မချိုးဘူး မနက်ပိုင်းဘဲ ချိုးတယ်။ နေ့လည် ပိုင်း မချိုးဘူးဆိုရင် အဲဒီမွေးညှင်းလေးနဲ့ အရေထူ အရေပါးက ချွေးတွေထွက်လာ တယ်။ ခန္ဓာကိုယ်က နံစော်လာတယ်။ တစ်ရက်လောက်သာ မချိုးဘဲ နေကြည့် ပိုပြီးတော့ နံစော် လာတယ်။

ခြေသည်း လက်သည်းလဲ ဒီအတိုင်းပဲ၊ ခြေထောက်ဆိုတာက ဖိနပ်စီးထားပေမယ့် ဖုံတွေ၊ သဲတွေ ဝင်တာပဲ။ လက်ဆို တာလည်း ဒီအတိုင်းဘဲ၊ ဟိုဟာ ဒီဟာတွေ ကိုင်တော့ လက် သည်းထဲမှာလည်း အညစ်အကြေး တွေ ဝင်တာဘဲ၊ အဲဒီလက်သည်း

http://www.dhammadownload.com

ခြေသည်းလေးများ စားစရာ ထဲ ပါလာပြီဆိုရင်
တစ်ခါတည်း မျက်နှာကို ရှုံ့မဲ့ပြီး ရွံစရာဖြစ်သွားတယ်။
"သွး" ဆိုတာကတော့ အထင်ရှားဆုံးပေါ့လေ။
သွားမတိုက်ဘူးဆိုရင် အဲဒီ သွားဟာ နံစော်လာတယ်။
အရောင်တွေ ကလည်း မဖြူဘဲနဲ့ ညစ်ထေးထေးနဲ့
သိပ်ပြီးတော့ အနံ့ထွက်နေပြီး ရွံစရာကောင်းတယ်။
ဒါကြောင့်မို့ ဒီရှုပိုင်း (၅)ပါးကို "တစ ပဋိက ကမ္မ
ဋ္ဌာန်း" ဆိုပြီးတော့ သတ်မှတ်ကြတယ်။


ရှင်လောင်းများ ရွှတ်ဆိုရပုံ

ဒကာကြီးတို့၊ ဒကာမကြီးတို့သားတွေ ရှင်ပြုတဲ့
အခါ မိဘတွေ အမတွေက ဘေးကနေ အဲဒီဆံပင်
ဆံရိတ် တဲ့ ဆံချတဲ့အခါ ပိတ်စကို ကိုင်ပေးတယ်။
ခေါင်းရိတ်တဲ့ဘုန်းကြီးက ရှေ့ကနေ ဆိုပေးတယ်။
ရဟန်းလောင်း ကိုရင်လောင်းတွေ လိုက်ဆိုရတယ်။
"ငါ၏ကိုယ်မှာ ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း
သွး၊ အရေ ဤငါးပါးသာရှိပါတကား" အဲဒါကို
တစပဋိက ကမ္မဋ္ဌာန်းလို့ခေါ်တယ်။
တချို့ကိုရင်လေး တွေ ဒီ (၅)ပါးကို ပွားများရုံး

http://www.dhammadownload.com

ခေါင်းရိတ်ခံကြတယ်။ ခေါင်းလည်းရိတ်ပြီးရော ရဟန္တာဖြစ်သွားတယ်။ ကိုရင်ရှင်ဒဗ္ဗတို့ပေါ့လေ။ ဒါကြောင့်မို့ တစပဉ္စက ကမ္မဋ္ဌာန်း ဟာ ခန္ဓာကိုယ် ထဲမှာအထင်ရှားဆုံး စက်ဆုပ်ရွံရှာစရာ အကောင်းဆုံး ဖြစ်လို့မို့ ပန်းချီးကားထဲမှာ အဲဒီ (၅)မျိုး ကိုပဲ ထည့်ဆွဲ ထားတယ်။ အဲဒီပုံ ကြည့်ပြီးတော့ အဲဒီ လိုသာ ပွားများ ပါ။။

http://www.dhammadownload.com



http://www.dhammadownload.com

၄။ မရဏာဿတိ

သေခြင်းတရားကို ဆင်ခြင်ထိုက်ပုံ

နောက်ဆုံးတစ်ခုက ဘာလဲ? မရဏာဿတိ - သေခြင်းတရားကို ပွားများရတယ်။ သေခြင်းတရား ဆိုတာလည်းဘဲ မပွားများလို့ မဖြစ်ဘူး။ကျန်းမာရေး ဘယ်လောက်ကောင်းပါတယ်ပြောပြော သေချင်လို့ ရှိရင် အဲဒါချက်ခြင်းဘဲ တစ်ခါတည်းသေတာဘဲ၊ ခုလောလောဆယ် ဝိသုဒ္ဓါရုံဆရာတော် ဦးကောဏ္ဍည ဘုံကြည့်ပေါ်။ အိမ်ရှေ့မင်းသမီး ဒိုင်ယာ နာတို့ကြည့်လဲ ဆင်ရှား တယ်။ ဘယ်လိုမှ မမျှော်လင့် ဘဲနဲ့ မခန့်မှန်းဘဲနဲ့ တစ်ခါတည်းသေသွားရတယ်။

သေသွားပြီဆိုရင် လုပ်သင့်တဲ့ ကုသိုလ်ကောင်းမှုတွေ မလုပ်လိုက်ရဘူး။ မှာသင့်တာတွေ မမှာဖြစ်ဘူးဆိုတော့ ဘယ်ဘဝ ရောက်မှန်းလည်း မသိတော့ဘူး၊ ဘာမှ ကြိုတင်ပြင်ဆင်မှုမရှိဘူး ဖြစ်သွားတယ်၊ ဒါသေခြင်း တရားကို နေ့စဉ်နေ့တိုင်း ကိုယ်ကသတိရပြီးတော့ ဆင်ခြင်ထားမယ်။ ပွားများမယ် ဆိုရင်

http://www.dhammadownload.com

အကုသိုလ်ကို မလုပ်ရဲတော့ဘူး ကုသိုလ်ကောင်းမှု ကိုဘဲ လုပ်တော့ တယ်။ စိတ်ဟာ အမြဲတမ်းဘဲ ဖြူစင်သွားတယ်။ ဒါကြောင့်မို့ ဒီသေခြင်းတရားကို လည်းဘဲ နေ့စဉ် နေ့တိုင်းပွားများပါဆိုပြီးတော့ ရှေးဆရာတော်တွေက မရဏာနုဿတိ ကမ္မဋ္ဌာန်းကို လည်း တိုက်တွန်းကြတယ်။

သေခြင်းတရားကို ဆင်ခြင်ပုံ

အဲဒီတော့ ဒီသေခြင်းတရား ပွားများတဲ့အခါ အမျိုးမျိုးရှိပါတယ်။ ဒီမှာတော့ အတိုချုပ် ပြီးတော့ လိုရင်းကိုဘဲ ပွားများရအောင်၊ ဦးပဉ္ဇင်းတို့ ဒီခန္ဓာကိုယ်ကို ကြည့်လိုက်လို့ရှိရင် ဘယ်ဟာ အတွယ်တာဆုံးလဲ ဆိုရင်

(၁) မိမိရဲ့ အသက်ကိုအတွယ်တာဆုံးဘဲ

(၂) မိမိရဲ့ခန္ဓာကိုယ်ကြီးကို အတွယ်တာဆုံးဘဲ

(၃) မိမိပိုင် ဆိုင်တဲ့ စည်းစိမ်ဥစ္စာကို အတွယ်တာဆုံးပဲ၊

အရှင်နာရဒါဘိဝံသ(လှရတနာ)

အဲဒီ(၃)ခုပြီး မှ ကျန်တာတွေဆိုတာကတော့ ကွယ်တာရတယ်။

ဒီ(၃)ခုစလုံးဟာ တည်ငြိမ်မှုရှိသလား၊ မတည်ငြိမ်ဘူး၊ မျက်စိအောက်တွင်ဘဲ ပျက်စီးတဲ့သဘော ရှိတယ်။ အသက်ကော ခန္ဓာအိမ်ကောပဲ၊ စည်းစိမ်ဥစ္စာ

http://www.dhammadownload.com

ဆိုတာကတော့ရေဖျက်တာနဲ့၊ မီးပျက်တာနဲ့၊ အစိုးရ အခွန်ကောက်တာနဲ့၊ သူများလိမ် တာနဲ့၊ အခိုးခံရတာနဲ့၊ နည်းမျိုးစုံနဲ့၊ ပျက်စီးနေတာပဲ၊ အဓိက ကတော့အသက်နဲ့ခန္ဓာအိမ်ကတော့ မျက်စိ အောက်တွင်ဘဲ ကြည့်ရင်းနဲ့ပျက်တယ်။ ကြည့်ရင်း လည်း သေတာဘဲ၊ အဲဒီလို အသက်ရယ် ခန္ဓာကိုယ် ရယ် စည်းစိမ်ရယ် မတည်မြဲဘူး၊ ပျက်စီးတတ်တဲ့ သဘောရှိတယ်။ အနိစ္စသဘောရှိတယ်လို့ ဆင်ခြင် ပွားများလိုက်လို့ရှိရင် သေခြင်းတရား ပွားများတာ ထင်ရှား သွားပါတယ်။ ကဲ ဒါကြောင့်မို့ သေခြင်းတရား ပွားများရအောင်၊ ရှုကနေ ဦးပဉ္စင်းချပေးမယ်။ လိုက်ဆိုကြပေါ့။

"အသက်စည်းစိမ် ခန္ဓာအိမ်ကား တည်ငြိမ်ကင်းလျက် ကြည့်ရင်းပျက်သို့ မျက်စိအောက်တွင် ပျောက်လွင့်စင်လျက်၊ သခ်ၤါရစက်၊ သူ့ပိုင်နက်သို့၊ သွက်သွက်လည်ခါ၊ ပါရရှာသည်၊ ခန္ဓာ အနိစ္စပါတကား

"အသက်စည်းစိမ် ခန္ဓာအိမ်ကား တည်ငြိမ်ကင်းလျက် ကြည့်ရင်းပျက်သို့ မျက်စိအောက်တွင် ပျောက်လွင့်စင်လျက် သခ်ၤါရစက်၊ သူ့ပိုင်နက်သို့၊ သွက်သွက်လည်ခါ၊ ပါရရှာသည်၊ ခန္ဓာဒုက္ခပါတကား

http://www.dhammadownload.com

“အသက်စည်းစိမ် ခန္ဓာအိမ်ကား တည်ငြိမ်
ကင်းလျက် ကြည့်ရင်းပျက်သို့ မျက်စိအောက်တွင်
ပျောက်လွင့်စင်လျက် သခီရစက် သူပိုင်နက်သို့ သွက်
သွက်လည်ခါ ပါရရှာသည် ခန္ဓာ အနတ္တပါတကား”

သတင်းစာကြည့်ပြီး သေခြင်းကို ဆင်ခြင်ပုံ

အဲဒီလို ပွားများလိုက်လို့ရှိရင် သေခြင်းတရား ဟာ တော်တော်ကို ထင်ရှားတယ်။ ဒီထက် ပိုထင်ရှားတာကတော့ ဦးပဉ္စင်းတို့ သတင်းစာတွေ ဖတ်ကြည့်ပေါ့လေ။ ကိုယ်နဲ့ရွယ်တူတွေလည်း သေနေတာတွေ့ရတယ်။ ကိုယ့်အောက်ငယ်တာတွေလည်း သေနေတာ တွေ့ရတယ်။ ကိုယ့်ထက် ကြီးတာတွေလည်း သေနေတာ တွေ့ရတယ်။ သေတာမှ နေ့တိုင်းကို သေနေတာဘဲ အဲဒီလို သတင်းစာဖတ် ကြည့်ပြီးတော့ အသက်တွေပါ ကြည့်လိုက်ပါ။ အော် . . . ငါ့အရွယ်တွေလဲ နေ့တိုင်းသေနေတာပဲ။ ငါ့အောက်ငယ်တဲ့ ပုဂ္ဂိုလ်တွေလဲ နေတိုင်းသေနေတာပဲ။ ငါထက်ကြီးတဲ့ ပုဂ္ဂိုလ်တွေလည်း နေ့တိုင်းသေနေတာပဲ။ ဒါဆိုငါလည်းဘဲ ဧကန်မုချကို သေမှာဘဲ ဘယ်အချိန်

http://www.dhammadownload.com

သေမယ် ဆိုတာလဲ မသိနိုင်ဘူး၊ အဲဒီတော့ မသေခင်
ကတည်းက ကိုယ့်ကုသိုလ်ကို ကိုယ်ထုပ်ပြီးတော့
ပြင်ဆင်ထားမှဘဲလို့ အဲဒီလို သတင်းစာကြည့်လိုက်
လို့ရှိရင်လဲဘဲ သေခြင်းတရားကို ပွားများ နိုင်ပါတယ်။
အဲဒီတော့ အဲဒါကိုလဲ သေခြင်းတရားပွားများရအောင်
ရှေ့ကနေ ဦးပဉ္ဇင်းချပေးမယ် လိုက်ဆိုပေါ့ . . .

"ငါ့အရွယ်တွေ၊ နေ့တိုင်းသေ၊ အသေမစဲပါ
တကား . . . ။

ငါ့အောက်ငယ်တွေ၊ နေ့တိုင်းသေ၊ အသေမစဲပါ
တကား . . . ။

ငါ့ထက်ကြီးတွေ နေ့တိုင်းသေ ၊အသေမစဲပါ
တကား . . . ။

ဧကန်မလွဲ၊ ငါလဲပဲ၊ သေပွဲဝင်ရမှာ ပါတကား ။
ကိုယ့်ကုသိုလ်မျိုး၊ ကိုယ်ထုပ်ပိုး အားကိုးရမှာ
ပါတကား"။

သေခြင်းတရားကို ဆင်ခြင်ရကျိုး

အဲဒီလို ဆင်ခြင်ပြီး သတင်းစာကို ကြည့်လိုက်
လို့ရှိရင်လဲ သေခြင်းတရားကို ကိုယ်က ပွားများပြီးသား

http://www.dhammadownload.com

အောက်မေ့ပြီးသား ဖြစ်သွားတယ်။ အဲဒီလို ပွားများလိုက်လို့ရှိရင် ဘာဖြစ်သလဲ ဆိုတော့ ဦးပဉ္ဇင်းတို့ပေသကာရဓိတာ ဝတ္ထု ဓမ္မပဒမှာ ဘုရားဟောပြတဲ့ ဂါထာလေးတပုဒ် ရှိတယ်။

"အန္ဓဘူတော အယံလောကော၊ တနုကေတ္ထဝိပဿတိ၊
သကုဏော၊ ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ"

သေခြင်းတရားကို ကြုံတင်ပြီးတော့ ပွားများမထားတဲ့ ပုဂ္ဂိုလ်အဖို့ သေခါနီးအချိန်မှာ တွေတွေဝေဝေနဲ့ ကြောက်ကြောက်လန့်လန့် ထိတ်ထိတ် လန့်လန့်နဲ့ အော်ဟစ်ရုန်းကန်ပြီးတော့ သေရတယ်။ အဲဒီလို သေသွားရင် ဘယ်ရောက်သွားလည်း ဆိုတော့ ငရဲတိရစ္ဆာန်၊ ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ် (၄)ဘုံကို ရောက်သွားတယ်။

သေခြင်းတရားကို ပွားများထားတဲ့ ပုဂ္ဂိုလ် တွေကျတော့ ကိုယ်က အကုသိုလ်ကိုသိပ်မလုပ်ဖြစ်တော့ဘူး။ အကုသိုလ်ကို နည်းအောင် နေတယ်။ ကုသိုလ်ကောင်းမှုပဲ လုပ်ဖြစ်တယ်။ ကိုယ့်စိတ်ထဲမှာ ကုသိုလ်စိတ်ပဲ ဖြစ်အောင် နေတဲ့အတွက် သေရမှာ

http://www.dhammadownload.com

မကြောက်တော့ဘူး။ အဲဒီတော့ သေခါနီးရောက်တော့ အဲဒီပုဂ္ဂိုလ်အနေနဲ့ ကြည်ကြည်လင်လင်နဲ့ မတွေဝေဘဲနဲ့ သေရတယ်။ သေပြီး နောက်ကြတော့လည်းပဲ နတ်ပြည်ကို ရောက်တယ်။ ဒါကြောင့်မို့ ဒီသေခြင်းတရားဟာလည်းပဲ နေ့စဉ်နေ့တိုင်း ပွားများထိုက်ပါတယ်။

စတုရာရက္ခဘာဝနာ နေ့စဉ်ပွားများပါ

အဲဒီလို စတုရာရက္ခဘာဝနာ (၄)မျိုးကို နေ့စဉ်နေ့တိုင်း တစ်နေ့ကို တစ်ကြိမ်လောက် ပေါ့လေပွားများပေးသွားလို့ရှိရင် ဘယ်အရွယ်ဘဲသေသေ ဘယ်အချိန်ဘဲသေသေ ဗဒေါက် ရတော့ဘူး။ အမြဲတမ်း ကိုယ့်စိတ်ဟာ ကုသိုလ်နဲ့ ထုံထားတဲ့အတွက် ဒီဘဝအတွက်ကော နောက်ဘဝအတွက်ပါ မယုတ်မှားရတော့ဘူး။ ဒါကြောင့်မို့ နေ့စဉ်နေ့တိုင်း ဒီစတုရာရက္ခဘာဝနာ ကရားကို ပွားများပါဆိုပြီးတော့ တိုက်တွန်းရတယ်။ ဒီလောက်ဆိုရင် စတုရာရက္ခဘာဝနာကို နားလည် သဘောပေါက်လောက်ပါပြီ သမာဘာပေါက်ပြီး နေ့စဉ်နေ့တိုင်း စတုရာရက္ခဘာဝနာကို ပွားများနိုင်ကြပါစေ။

အရှင်နာရဒါဘိဝံသ(လှရတနာ)

http://www.dhammadownload.com


အရှင်နာရဒါဘိဝံသ (လှရတနာ)

၏

မိမိကိုမိမိမျှော်လျှင်နှင့် စမ္မရသစာပဒေသာ

(မကြာမီထွက်ပါတော့မည်။)

http://www.dhammadownload.com



မိမိအတွက်ကြောင့်
သူတစ်ပါးမှာ
ဝန်ထုတ်ဝန်ပိုးမဖြစ်အောင်
မိမိရဲ့ပစ္စုပ္ပန်နဲ့သံသရာဘဝတွေမှာလည်း
ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်အောင်
ဘယ်လိုပြင်ဆင်ပြုလုပ်ထားရမလဲဆိုတာ
သိဖို့
"စတုရာရက္ခဘာဝနာ"
မှာ အဖြေရာကြည့်ပါ . . . . .